# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သုခဒဂုံပြည်သူ့အငှားအိမ်ရာပတ်ဝန်းကျင်နေသူများအတွက် ဈေးသစ်မကြာမီဖွင့်လှစ်ရန်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သုခဒဂုံပြည်သူ့အငှားအိမ်ရာနေ ပြည်သူများ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ဈေးရောင်းချဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သုခဒဂုံဈေးသစ်တည်ဆောက်ခြင်းကို ၂၀၂၄ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရန် အချောသပ်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုခဒဂုံပြည်သူ့အငှားအိမ်ရာနေ ပြည်သူများအတွက် သုခဒဂုံဈေးသစ်ကြီးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံးပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရန် အချောသပ်လုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻



သုခဒဂုံဈေးသစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုကို အပေါ်စီးမှ မြင်တွေ့ရစဉ်။

# သွေးချင်းစုံလင် သနပ်ခါးသဘင်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲဝင်များအားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာတိုင်းရင်းသား အသီးသီးတို့ သနပ်ခါးလိမ်းခြယ်သည့် ရိုးရာဓလေ့ကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းရေးအတွက် အထောက်အကူဖြစ်စေရန် သွေးချင်းစုံလင်သနပ်ခါးသဘင်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းနှင့် ဗမာတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ဗဟို) တို့မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် My Garden (Restaurant) ၌ ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑




**ယနေ့ ဖတ်စရာ**



**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးရက်ဖြစ်သည့်အတွက် ပြည်သူများတစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာ**

ပြည်တွင်းသတင်း | စာ ၅

**ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် အဓိက အရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း**

ဆောင်းပါး | စာ ၆



မြန်မာ့အလင်း

## အွန်လိုင်း ငွေလိမ်၊ လောင်းကစားမှုများ မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ရှင်းလင်းဖယ်ရှား

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေသည် ၂၀၁၆ ခုနှစ်မှ စတင်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ဟူသော အကြောင်းပြချက်ဖြင့် စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့သောနယ်မြေဖြစ်ပြီး နောက်ပိုင်းတွင် တရားမဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသောသတင်းများ ပေါ်ထွက်လာခြင်းကြောင့် စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည့် ဒေသလည်းဖြစ်သည်။ တစ်ဖက်နိုင်ငံနှင့် ကပ်လျက်ရှိနေသည့်အဆိုပါဒေသမှာ လက်နက်ကိုင်အဖွဲ့ပေါင်းစုံ လှုပ်ရှားနေသည့်ဒေသဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲများ၊ ကန့်သတ်ချက်များရှိနေသည်။ သို့ဖြစ်ရာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့်အတူ ဒုစရိုက်မှုကျူးလွန်ကြသူများအဖို့ အခြေချစရာ နေရာကောင်းတစ်ခုသဖွယ်ဖြစ်နေသည်။

"တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်နေကြောင်း" ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း မှာကြားခဲ့သည်။

အွန်လိုင်းလိမ်လည်မှုအပါအဝင် အခြားဒုစရိုက်မှုများကို နိုင်ငံတော်အစိုးရက စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ စစ်ဆေးရှင်းလင်းမှုများပြုလုပ်စဉ် ဒုစရိုက်လုပ်ငန်းများကို အကာအကွယ်ပေးနေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် ပစ်ခတ်မှုများပြုလုပ်ခဲ့ရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများအတွက် အသုံးပြုသည့်ပစ္စည်းကိရိယာများ၊ လက်နက်ခဲယမ်းများကိုပါ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အွန်လိုင်းလိမ်လည်မှုများနှင့် လောင်းကစားမှုများသည် မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမကဘဲ လူသားအားလုံးပေါ်တွင် လိမ်လည်ပြစ်မှုကျူးလွန်ခြင်း၊ အခြားဆက်စပ် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား ချေမှုန်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ရာတွင် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ၇၉၉ ဦး ထိန်းသိမ်းနိုင်ခဲ့ရာ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ အီသီယိုပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန္ဒာ၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)တို့မှ ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီများအဖြစ် အသွင်ယူထားကြသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု ပြုလုပ်နေကြသူများသည် ၎င်းတို့၏လုပ်ငန်းများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်လာကြခြင်းဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများအတွက် အခြေခံလိုအပ်ချက်များကို တစ်ဖက်နိုင်ငံမှရယူပြီး တစ်ဖက်နိုင်ငံမှတစ်ဆင့် တရားမဝင် ဝင်ထွက်နေကြခြင်းလည်းဖြစ်သည်။ မြန်မာ့မြေပေါ်တွင် တရားမဝင်လောင်းကစားမှု၊ လိမ်လည်မှု၊ ဒုစရိုက်မှုကျူးလွန်သည့် လုပ်ငန်းများရောက်ရှိနေခြင်းက နိုင်ငံ၏အမျိုးသားရေးဂုဏ်သိက္ခာကို ထိပါးစေသကဲ့သို့ အဆိုပါလုပ်ငန်းများက မိမိနိုင်ငံသူ၊နိုင်ငံသားများအတွက်လည်း အန္တရာယ်ရှိရာ အမြစ်ပြတ်ပျောက်ကွယ်သွားသည်အထိ ရှင်းလင်းဖယ်ရှားသွားကြရပါမည့်အကြောင်း ။ ။

**၁၆ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၂၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများ အနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅% တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့**

## ပြုံးပန်းဆင် အားမာန်ပျိုးပါလို့

* တစ်မူးရ တစ်ပဲလျှ
တို့ရှမ်းတောင်သူ တူနိုင်ရိုးလား၊
ဆိုရိုးရယ် ကျယ်တဝင့်
မှတ်သင့်ဖွယ်များ။

* မြိုးမြိုးကာ ချွေစုဆောင်း
သူဌေးလောင်းဘွဲ့မည်တွင်၊
သုံးအဖြုန်းကွဲကွဲပြား
ခွဲခြားဖို့ပင်။
မော်မကြွားလေနဲ့
ပျော်အပါးဆင်ခြင်
သတိယှဉ်နှလုံးသွင်း၊
ကိုယ်ကျန်းမာ စိတ်ရွှင်လန်း
ပြုံးပန်းထုံသင်း။

* မိုးရွာတုန်းရေခံ၊
နေပူလျှင်စပါးလှန်း
ညွှန်တမ်းအမှန်
တွေးဆလို့ကြံ
စံနမူ ဖြစ်ဖို့ရေး
များကျိုးမျှော် ဖွဲ့စိတ်ထမ်း
ရိပ်နန်းရယ်မွေး။

* ဥမကွဲ သိုက်မပျက်
စဉ်အဆက် ပုံရိပ်လွှာ၊
တို့တစ်တွေ ရင်မှာပွေ့
ချမ်းမြေ့ဖွယ်ရာ။
ကချင်၊ ကယား၊ ကရင်၊ ချင်းရယ်နဲ့
မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း
မြဲမကွာ စည်းစည်းလုံး။
ပြုံးပန်းဆင် အားမာန်ပျိုးပါလို့
ချစ်ကြိုးတွယ်ထုံး။ ။

**ဖိုလေးလုံးသောင်းကိုကို**

## မက်မန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများပြုလုပ်

**မက်မန်း ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်း ပြုလုပ်ဆောင်ရွက်ခြင်းကို ယမန်နေ့က မက်မန်းမြို့တောင်ဘက် မြို့ပတ်လမ်းတစ်လျှောက်၌ ပြုလုပ်သည်။

မက်မန်းမြို့ တောင်ဘက်မြို့ပတ်လမ်း လမ်းဘေးဝဲ/ယာ သစ်ပင်ချုံနွယ်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်တို့ ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးတားလမ်း ဆောင်ရွက်ကြောင်း သိရသည်။(ယာပုံ) **အေဇက်ထွန်း(မက်မန်း)**




မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# စက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် ပစ္စည်းတစ်ခုချင်းစီ၏ အရည်အသွေးများ သတ်မှတ်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပသည့် တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရာတွင် ပစ္စည်းတစ်ခုချင်းစီ၏ အရည်အသွေးများကို သတ်မှတ်ရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ထုတ်လုပ်မှုကျင့်စဉ်များကိုလည်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်သူများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် ဝန်ကြီးဌာနများမှလည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မည့် စက်ပစ္စည်းတစ်ခုချင်းစီ၏ ပုံစံဒီဇိုင်း၊ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုမည့်ကုန်ကြမ်းစသည်တို့ကို စနစ်တကျသတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချစိုက်ပျိုးသည့် စနစ်တို့သည် အထွက်နှုန်း တူညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သီးနှံများ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများသည် ဒေသနှင့် ကိုက်ညီမှုရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံ၊ သံမဏိတို့တွင် ပါဝင်သည့် ဓာတုနှင့် ရုပ်ဂုဏ်သတ္တိများ၊ အရည်အသွေးများ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာ ဝန်ဆောင်မှုအသင်းများဖွဲ့စည်း၍ ပံ့ပိုးမည့် အခြေအနေ၊ မြေပြုပြင်ရန် လိုအပ်မှု၊ အရင်းအနှီး၊ သွင်းအားစုများ ဖြည့်ဆည်းပေးမည့် အခြေအနေ၊ ပန်းတိုင် ရည်မှန်းချက်အတိုင်း ထွက်ရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စေရေး အသိပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေးကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၌ ခင်းကျင်းပြသထားသည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*** *ရွှေ့ဖုံးမှ***

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) သုခဒဂုံပြည်သူ့အငှားအိမ်ရာသည် အမှတ် (၂) လမ်းနှင့် ရန်ကုန်မြို့ပတ်လမ်းအနီးတို့တွင် တည်ရှိပြီး သုခဒဂုံဈေးသစ်ကြီးကို အမှတ်(၂) လမ်းနှင့် မနီး မဝေးသောနေရာတွင် တည်ဆောက်ပေးထားခြင်းဖြစ်၍ သုခဒဂုံအငှားအိမ်ရာတွင် နေထိုင်သော ပြည်သူများအတွက် သွားလာမှုအဆင်ပြေစေမည်ဖြစ်သည်ဟု စီမံကိန်းတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

သုခဒဂုံဈေးရုံများ တည်ဆောက်ခြင်း စီမံကိန်းအကျယ်သည် ၃ ဒသမ ၅၆ ဧကမြေပေါ်တွင် အရှည် ၁၀၉ ပေနှင့် အကျယ် ၄၈ ပေရှိ ဈေးရုံ ခုနစ်ရုံတွင် ၆ ပေပတ်လည်အကျယ်ရှိ ဈေးဆိုင်ခန်း စုစုပေါင်း ၃၉၂ ဆိုင် ဖွင့်လှစ်ရောင်းချနိုင်ပြီး လေဝင်လေထွက်နှင့် သဘာဝအလင်းရောင်များရရှိကာ သဘာဝ၏ လေဒဏ်၊ မိုးဒဏ်များ ဖြစ်ပေါ်မှုကို ကြံ့ခိုင်နိုင်စေရန်အတွက် သံမဏိသံပေါင်များဖြင့် လှပခိုင်ခံ့စွာ တည်ဆောက်ပေးထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ပြင် ဈေးရုံ ခုနစ်ရုံ၏ မျက်နှာစာအနီးတွင် ခေါင်းရွက်ဗျပ်ထိုးနှင့် ကုန်စိမ်းသီးနှံအမျိုးမျိုး၊ ခြံထွက်ပန်းအမျိုးမျိုးနှင့် ကုန်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ဖောက်ကားပြုလုပ်နိုင်သော အရှည်ပေ ၂၀၀ နှင့် အကျယ် ၉၄ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်ခင်းလဟာပြင်ဈေးကိုလည်း တည်ဆောက်ပေးထားသည်။

သုခဒဂုံဈေးသစ်ကြီးအတွင်းရှိ ဈေးသူ ဈေးသားများအတွက် အရှည် ၂၈ ပေနှင့် အကျယ် ၁၆ ပေရှိ ၅ ခန်းတွဲ အများသုံးသန့်စင်ခန်းသုံးလုံး၊ ကား ၄၈ စီးရပ်နားနိုင်သော ကားရပ်နေရာများ၊ ကုန်တင်ကုန်ချနေရာများ၊ အမှိုက်စွန့်ပစ်နိုင်သော ကွန်ကရစ်အမှိုက်ကန်များ၊ ဈေးရုံများ၊ စီမံခန့်ခွဲရေးရုံး လဟာပြင်ဈေးသည်များအတွက် လေကာပင်နှင့် အရိပ်ရသစ်ပင်ကြီးများကို စိုက်ပျိုးပြီးဖြစ်သည်။

အဆိုပါ စီမံကိန်းအတွင်း လျှပ်စစ်မီးကို 11 kv ဓာတ်အားလိုင်းမှ ရယူအသုံးပြုလျက်ရှိသည်။ ဈေးရုံများ ရေရှည်အသုံးပြုနိုင်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးရုံပတ်ဝန်းကျင်အတွင်း ကွန်ကရစ်အုတ်ရေမြောင်းကိုလည်း စနစ်တကျတည်ဆောက်ပေးထားပြီး ဈေးရုံပတ်ဝန်းကျင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်အတွက် အရှည် ၂၂ ပေ၊ အကျယ် ၅ ပေနှင့် အနက် ၆ ပေရှိ Box Culvert ငါးခုကိုလည်း ဈေးရုံအဝင်အထွက်ဂိတ်များ တည်ဆောက်ပေးထားသည်။

**စောသိန်းဝင်း**

---

❑ *ရွှေ့ဖုံးမှ*

ဦးစွာ ဂုဏ်ပြုပွဲအခမ်းအနားနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင် အသင်းဥက္ကဋ္ဌ ဦးဌေးလင်းက ရှင်းလင်းပြောကြားပြီး "သွေးချင်းစုံလင် သနပ်ခါးသဘင်" ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်း ဗီဒီယိုအား ပြသသည်။

ယင်းနောက် "မှုံနံ့သာခြယ် လို့ကမ်းပါမယ်" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းမှ ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ဆက်လက်၍ "နန်းထိုက်တဲ့ သဘာဝ ကမ္ဘာ့အမွေအနှစ်အလှ" ခေါင်းစဉ်ဖြင့် THE BEST PERFORMANCE AWARD ဆုရရှိခဲ့သော ဗမာတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့မှ ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် "သနပ်ခါးသည် ပါရှင့်" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဗမာတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့မှ ပြိုင်ပွဲဝင် မမေမြင့်မိုရ်ကြည်ကို တာဝန်ရှိသူက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ပြီး "နန်းထိုက်တဲ့သဘာဝ ကမ္ဘာ့အမွေအနှစ်အလှ" ခေါင်းစဉ်ဖြင့် THE BEST PERFORMANCE AWARD ဆုရရှိခဲ့သော ဗမာတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့မှပြိုင်ပွဲဝင်များက ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်အား အသင်းသို့အပ်နှင်းသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

**ပိုမိုကြိုးစားအားထုတ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများအပါအဝင် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ပိုမိုကြိုးစားအားထုတ် ဆောင်ရွက်ရန် မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပန်းတနော်မြို့နယ် ကုသရေးဦးစီးဌာနမှူးက ဆေးရုံ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များ၊ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး (ရောဂါကာကွယ်နှိမ်နင်းရေး)မှ ငှက်ဖျားရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို အသေးစိတ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံအတွင်းသို့ လှည့်လည်ကြည့်ရှုကာ တာဝန်ကျဆရာဝန်များ၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများနှင့် တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပန်းတနော်မြို့နယ်အတွင်း မြို့ကွက်သစ်အရှေ့ပိုင်းရပ်ကွက် (၁) နှင့် ဆက်စပ်ကျေးရွာများမှ ပြည်သူများကို တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့မှ မအူပင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ပြည်သူ့ဆေးရုံကြီး မအူပင်မြို့မှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သောဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြတ်လပ်မှုမရှိစေရေး ဖြည့်ဆည်းပေးရန်၊ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများကို အားပေးစကား ပြောကြားသည်။

**ပံ့ပိုးကူညီနိုင်ရေးမှာကြား**

ညနေပိုင်းတွင် မအူပင်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဓာတ်ခွဲခန်း အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သော လူအင်အားနှင့် စက်ပစ္စည်းကိရိယာများကို ဦးစီးဌာနမှ ပံ့ပိုးကူညီနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အမျိုးသားအနုပညာပြတိုက်(ချင်းချောင်းနန်းတော်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့် (ချင်းချောင်းနန်းတော်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားဓာတ်ရုံတို့ အသီးသီးတည်ထောင်ပြီးဖြစ်သော်လည်း အမျိုးသားအနုပညာပြတိုက်တစ်ခုသာ တည်ထောင်ရန်ကျန်ရှိနေသေးသဖြင့် အမျိုးသားအနုပညာပြတိုက် တည်ထောင်ဖွင့်လှစ်နိုင်ရန် ၂၀၁၈ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အမျိုးသားအနုပညာပြတိုက်တည်ဆောက်မည့်နေရာကို ပန်းချီဆရာကြီးများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းချက်အရ ဤကမ္ဘာ့ဇရိပ်သာ (ချင်းချောင်းနန်းတော်) ကို ညွှန်းဆိုဆွေးနွေးခဲ့ကြ၍ ဤအဆောက်အအုံအား အမျိုးသားအနုပညာပြတိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ရန် စီမံကိန်းရေးဆွဲပြီး ပြခန်းဖွဲ့စည်းပုံများပါ ထည့်သွင်းရေးဆွဲကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ M.I.E.G Co., Ltd. သို့ လုပ်ငန်းအပ်နှံလျက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက အမျိုးသားအနုပညာပြတိုက် (ချင်းချောင်း) ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပြင်ဆင်ပြီးပါက ခင်းကျင်းပြသွားမည့်စီမံချက်၊ လျာထားချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အနုပညာဦးစီးဌာန၊ ဓာတ်ရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးရာထန်းလျန်က ချင်းချောင်းနန်းတော်အတွင်း ဘွဲ့လွန်မြန်မာပြက္ခဒိန်ပညာ ဒီပလိုမာသင်တန်းနှင့် နက္ခတ်တာရာကြည့်ပြခန်း၊ ပြက္ခဒိန်ပညာဆိုင်ရာ စာကြည့်တိုက်တို့ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့် ကမ္ဘာ့ဇရိပ်သာ (ချင်းချောင်းနန်းတော်) အတွင်း ပြုပြင်၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကင်းပညာရေး ဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဆရာ ဆရာမများ ဖြစ်လာပါက အပြုအမူ၊ အပြောအဆိုနှင့် စည်းကမ်းလိုက်နာမှုတွင် ကျောင်းသား ကျောင်းသူများအတွက် စံပြဖြစ်ရန်လိုပါကြောင်း၊ စာသင်ကောင်းသော ဆရာ ဆရာမများဖြစ်ရန် ဘာသာရပ်ပိုင်းဆိုင်ရာ တတ်ကျွမ်းမှု လိုအပ်သကဲ့သို့ သင်ပြနည်းများ၊ ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားများကို နားလည်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများကို တိုင်းချစ်ပြည်ချစ်စိတ်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ရန်ကင်းပညာရေး ဒီဂရီကောလိပ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များကို မြေပြင်ကွင်းဆင်းလေ့လာကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ အင်္ဂလိပ်စာ ပါရဂူဘွဲ့ရ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ အင်္ဂလိပ်စာသဒ္ဒါ (Grammar) ကို မီဒီယာများမှ တစ်ဆင့် ထုတ်လွှင့်သင်ကြားနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၁၇ ရက်၌ အများအားဖြင့် သာယာမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံအဆောက်အဦဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံအဆောက်အဦဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (Myanmar National Bulding Code– 2025) အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)




အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် MNBC–2025 ဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်း၊ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြုစုပြီးဖြစ်သည့် MMBC – 2024 English နှင့် Myanmar Version မူကြမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသေးစိတ် အချောသပ်ညှိနှိုင်းပေါင်းစပ်ပြီး MNBC – 2024 ထုတ်ပြန်နိုင်ရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ကြပါကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာ ပညာရပ်အလိုက် ကဏ္ဍအလိုက် ပိုမိုပြည့်စုံစေရန် အချက်အလက်များ စုဆောင်းပြုစုတည်းဖြတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကို သဘောထားမှတ်ချက် ပြန်လည်တောင်းခံ၍ အပြီးသတ်ရရှိလာသည့် လမ်းညွှန်ချက်များကို ထုတ်ဝေရမည်ဖြစ်သည့်အတွက် MNBC – 2024 အစား MNBC – 2025 အနေဖြင့် ပြင်ဆင်ထုတ်ဝေမည် ဖြစ်ပါကြောင်း။

MNBC–2025 ရှေ့တွင် Code Management Scheme ထည့်လျှင် ပို၍သင့်တော်မည်ဖြစ်ပါကြောင်း၊ MNBC–2025 Code ထွက်၍ ထုတ်ဝေပြီးပါက အသိပညာပေး ဆွေးနွေးပွဲများ လုပ်ဆောင်ရန်၊ သုံးစွဲသူများ၏ အကြံပြု ဆွေးနွေးချက်များကို လက်ခံပေးရန်၊ အကြံပြုချက်များကိုစုစည်း၍ ပြန်လည်သုံးသပ်မှုများ ပုံမှန်လုပ်ဆောင်သွားရန်နှင့် ကြားကာလ ပြင်ဆင်ခြင်းများ လိုအပ်ပါကလည်း ထည့်သွင်းသွားကြရန် ဖြစ်ပါကြောင်း၊ Version အသစ် ပြင်ဆင်နိုင်ရန်အတွက် အသေးစိတ်အချက်အလက်၊ အစီအစဉ်များကို Code Management တွင် အကုန်ထည့်ပေးပြီး အပိုင်းလိုက် တာဝန်ယူမည့် အစီအစဉ်များကိုပါ ထည့်သွင်းရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ရှိရေးဆွဲဆောင်ရွက်နေမှု၊ လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ခဲ့မှုများ၊ ထပ်မံဖြည့်စွက်လိုသည့် အချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၃)မှ ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ မြေနန်းပြာသာဒ်ဆောင်နှင့် ဘမရာသနပလ္လင်ဆောင်များ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ကမ္ဘောဇသာဒီ ရွှေနန်းတော် ပြုပြင်ရာတွင် အသုံးပြုမည့် မြန်မာမှုလက်ရာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လက်ရာလက်သား ကောင်းမွန်စေရေး၊ အချိန်မီပြီးစီးစေရေး၊ ရှေးမူလက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲစေရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးရက်ဖြစ်သည့်အတွက် ပြည်သူများတစ်ခဲနက်လာရောက် ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တပေါင်းကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်ပြီး ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ၊ MSME လုပ်ငန်းရှင် အများအပြားသည် စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာကြကာ အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြခန်းများ အပြည့် လာရောက်လေ့လာကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းအလိုက် တာဝန်ရှိသူများက ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ သိရှိလိုသမျှ ရှင်းလင်းဖြေကြားပေးလျက်ရှိပြီး လာရောက်လေ့လာဝယ်ယူသူများ များပြားသည့်အတွက် အချို့ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်





ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် ဒေသအလိုက် အစားအစာများ၊ ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ ပြည်သူများ စိတ်ကြိုက်ဝယ်ယူ စားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူစားသုံးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး တိုင်းရင်းသား ရိုးရာအစားအစာများသည် ပြတ်လပ်သည်အထိ ရောင်းချရသည်ကို တွေ့ရသည်။

ပြပွဲရက်များအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်းသည် ဆန်၊ ဆီ နှင့် ကုလားပဲတို့ကို နေ့စဉ်ဝေငှပေးလျက်ရှိပြီး ယနေ့တွင်လည်း ပွဲတော်လာပြည်သူအများအပြား စီတန်းရယူလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ One Stop Services များရယူနိုင်ရေးတို့ကို ကြိုးပမ်းချိတ်ဆက် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ညပိုင်းတွင် ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်သူအကြိုက် တေးသီချင်းများဖြင့် မြူးကြွစွာ သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်သူများသည် တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း– သန်းမင်းအောင်၊ အောင်မင်းထွန်း**
**ဓာတ်ပုံ – ကိုအေးသန်း**

# မအူပင်မြို့နယ်ရှိ ပြည်လုံးချမ်းသာရွှေကျောင်းတိုက်သို့ သောက်သုံးရေများလှူဒါန်း

**မအူပင် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု ရေလဲကလေးကျေးရွာရှိ ပြည်လုံးချမ်းသာရွှေကျောင်းတိုက်သို့ သောက်သုံးရေလုံလောက်မှုရှိစေရေးအတွက် ယနေ့နံနက် ၁၀ နာရီက ရေလဲကလေးနယ်မြေမီးသတ်စခန်းတပ်ဖွဲ့ဝင်များက သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

အဆိုပါ သောက်သုံးရေလှူဒါန်းမှုကို မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေး၏ ကြီးကြပ်မှုဖြင့် ရေလဲကလေးနယ်မြေ မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရတနာထွန်း ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေဂါလန် ၈၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။(ယာပုံ)



**အောင်မြင့်မြတ် (ပြန်/ဆက်)**

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း

## ဒေါက်တာအာကာ(ဆိပ်ကမ်း)

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ရေမိုင် ၁၂၆၀ ကျော်ကို ပိုင်ဆိုင်သည့် ပင်လယ်ပိုင်နက်နိုင်ငံဖြစ်ခြင်းကြောင့် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်လျက်ရှိပြီး ကျန် ၂၅ ရာခိုင်နှုန်းကိုသာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်လျက်ရှိပါသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှအရေးပါသည်ကို ဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ဆိပ်ကမ်းလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်ရန်နှင့် အထူးသဖြင့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများကို ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာရာတွင် ဘေးကင်းလုံခြုံစွာဖြင့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရန်ကုန်မြစ်အတွင်းသို့ စတင်ဝင်ရောက်မည့် ပင်လယ်ဝမှသည် ရန်ကုန်မြစ်ရေလမ်းကြောင်းတစ်လျှောက် နေ့/ည ရာသီမရွေး တာဝန်ထမ်းဆောင်နေကြရသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းဆိုင်ရာ ရေကြောင်းဆိုင်ရာဝန်ထမ်းများဖြစ်ကြသည့် ရေကြောင်းပြမှူးကြီး(Pilot)များနှင့် အဆင့်ဆင့်သော ဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ဆောင်ရွက်နေမှုအခြေအနေများကို ဂုဏ်ယူစွာ ရေးသားတင်ပြလိုပါသည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်း (Offshore Fixed Pilot Station)သို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်တွင် စာရေးသူအနေဖြင့်လည်း လိုက်ပါခွင့်ရခဲ့သဖြင့် ဆိပ်ကမ်းနှင့် ရေကြောင်းပြဆိုင်ရာ ဝန်ထမ်းများနှင့် ကမ်းလွန်ရေကြောင်းပြစခန်း၏အတိတ်နှင့် ပစ္စုပ္ပန် ဆောင်ရွက်နေမှုအခြေအနေအရပ်ရပ်ကို ကောင်းစွာလေ့လာသိရှိခွင့်ရခဲ့ပါသည်။

၂၀၁၅ ခုနှစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေ၏ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တွင် **"ဆိပ်ကမ်းသို့ ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်နှင့် ကုန်ပါ စုစုပေါင်း တန်ချိန် ၅၀၀ ထက်**




**ပိုသည့် ရေယာဉ်၏ ရေယာဉ်မှူးသည်- ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်/ထွက်ခွင့် တောင်းခံရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ပါက ရေကြောင်းပြမှူးကြီး၏ အကူအညီကို မဖြစ်မနေ တောင်းခံရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာ ရွှေ့ပြောင်းခြင်းပြုရမည်"** ဟု ထည့်သွင်းပြဋ္ဌာန်းထားသည့်အတိုင်း ဒေသတွင်းနှင့် နိုင်ငံတကာ ဆိပ်ကမ်းများနည်းတူ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာကြသည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများသည် ပင်လယ်ဝနှင့် ဆိပ်ကမ်းတံတားများအကြား ရေလမ်းကြောင်းတစ်လျှောက် ဘေးကင်းလုံခြုံစွာဖြင့် ဝင်/ထွက် သွားလာနိုင်ရေးအတွက် ရေကြောင်းပြဝန်ဆောင်မှု (Pilotage Service)ကို မပျက်မကွက်ရယူကြရပါသည်။

၂၀၁၉ ခုနှစ်မတိုင်မီ နှစ်များဆီသို့ ပြန်ပြောင်းတွေးဆကြည့်ပါက နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများကို ရေကြောင်းပြဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရေကြောင်းပြရေယာဉ် (Pilot Vessel) နှစ်စင်းဖြစ်သော အလျားမီတာ ၆၀ ဝန်းကျင်၊ တန်ချိန် (Gross Tonnage-GT) ၇၇၈ နှင့် ၅၀၀ အသီးသီးရှိကြသည့် သမ္မတရေယာဉ်နှင့် ဧကရီရေယာဉ်တို့ကို ရေကြောင်းပြစခန်း (Pilot Station) အဖြစ် ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်ရေမိုင် ၂၀ ခန့် အကွာတွင် အလှည့်ကျ ကျောက်ချထားရှိ ဆောင်ရွက်ရပါသည်။

ထိုအချိန်က ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများသည် ရေကြောင်းပြရေယာဉ်ပေါ်တွင်ပင် အနေ၊ အစား ပင်ပန်းဆင်းရဲစွာဖြင့် စခန်းချနေထိုင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်ကြသည့် သင်္ဘောကြီးများပေါ်ကို ရေကြောင်းပြ ကြို/ပို့ခြင်းလုပ်ငန်းကို သစ်သားကတ္တူ လှေငယ်(Pilot Cutter)များဖြင့် လှိုင်းကြားလေကြား အန္တရာယ်ကြားမှ ခက်ခဲစွာ ရေကြောင်းပြ ကြို/ပို့ခြင်း (Pilot Transfer Operation)ဆောင်ရွက်၍ တက်/ဆင်း မောင်းနှင်ပေးခဲ့ကြရပါသည်။

ထိုအချိန်ကာလများတွင် ရေကြောင်းပြမှူးကြီးများနှင့် ရေကြောင်းပြဝန်ထမ်းများ လှိုင်းလေထန်လှသည့် ပင်လယ်ပြင်တွင် ကတ္တူလှေငယ်ဖြင့် သင်္ဘောကြီးများဆီသို့ သတိပြုချဉ်းကပ်၍ တက်/ဆင်း ရပုံများကို ယူကျု(Youtube)ပေါ်တွင် မြန်မာရေကြောင်းပြမှူးကြီး၏ နေ့စဉ်ဘဝ (Daily Life of Myanmar Pilot)အမည်ဖြင့် မြန်မာရေကြောင်းပြမှူးကြီးများအသင်း (Myanmar Maritime Pilot Association)မှ ဗဟုသုတအဖြစ် လွှင့်တင်ပေးထားသည်ကိုလည်း ဝင်ရောက်ကြည့်ရှုခြင်းဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ရာသီဥတုဆိုးရွားချိန်များတွင် ရေကြောင်းပြစခန်းအဖြစ် အသုံးပြုသော ရေကြောင်းပြရေယာဉ်ကို ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရခြင်း၊ ရေယာဉ်များ၏ သက်တမ်းအရ ရေယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာပြီး ဘေးကင်းလုံခြုံမှုအဆင့် လျော့ကျလာခြင်းနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေသည့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလိုအပ်ချက်အရ ရန်ကုန်ဆိပ်ကမ်းသည်လည်း နိုင်ငံတကာ ကုန်သွယ်ရေယာဉ်ကြီးများ အဝင်/အထွက် ပိုမိုများပြားလာပြီး ရေကြောင်းပြလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရမည့်ဝန်ထမ်းများ ပိုမိုများပြားလာသောကြောင့် ရေကြောင်းပြရေယာဉ်ဖြင့် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန်အတွက် နေရာလုံလောက်မှု မရှိခြင်း၊ လှိုင်းဒဏ်လေဒဏ်ကို တိုက်ရိုက်ခံစားကြရခြင်းနှင့် ကိုယ်စိတ်လုံခြုံမှု (Physical and Mental Safety and Security) အားနည်းခြင်းစသည့် ကန့်သတ်ချက်များ ကြုံတွေ့လာခဲ့ရပါသည်။

အဆိုပါ ကြုံတွေ့လာရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ဌာနအကြီးအမှူးအဆင့်ဆင့်တို့သည် အမြော်အမြင်ကြီးစွာ ချင့်ချိန်သုံးသပ်၍ ရေကြောင်းပြမှူးကြီးများနှင့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများအတွက် ကမ်းလွန်ရေကြောင်းပြစခန်း တည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများကို အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံဆိပ်ကမ်းများသို့ သွားရောက်လေ့လာစေခဲ့ပြီး လေ့လာတွေ့ရှိချက်များအပေါ် ပြန်လည်သုံးသပ်၍ ရန်ကုန်ဆိပ်ကမ်းနှင့် မြစ်ကြောင်းအနေအထား၊ ရေလမ်းကြောင်းအနေအထားတို့ နီးစပ်တူညီမှုရှိသည့် ထိုင်းနိုင်ငံ ဘန်ကောက်ဆိပ်ကမ်း၏ ပင်လယ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်း၏ပုံစံကို နမူနာယူပြီး အခြေခံဒီဇိုင်း(Conceptual Design)ကို ရေးဆွဲခဲ့ကြပါသည်။ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာထည့်သွင်း၍ ပြည်တွင်း/ပြည်ပမှ ကမ်းဝေးပင်လယ်ပြင် တည်ဆောက်ရေး လုပ်ငန်းအတွေ့အကြုံရှိ လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ China Harbour Engineering Co., Ltd. (CHEC)မှ စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင် တည်ဆောက်ခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*



ကမ်းလွန်ရေကြောင်းပြစခန်း တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများ။



ကမ်းလွန်ရေကြောင်းပြစခန်းကို မြင်တွေ့ရပုံ။

*စာမျက်နှာ ၆ မှ*

ကမ်းလွန်ရေကြောင်းပြစခန်းကို မြောက်လတ္တီတွဒ် 16° 12.7" နှင့် အရှေ့လောင်ဂျီတွဒ် 96° 16.7" တွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာ အရွယ်အစားရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ရေးလုပ်ငန်းအားလုံးပြီးစီး၍ ဖွင့်ပွဲအခမ်းအနား (Grand Opening Ceremony)ကို ၃၀-၃-၂၀၁၉ ရက်တွင် ပြုလုပ်ခဲ့ပြီး မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်က လွှဲပြောင်း လက်ခံရယူကာ Operation လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်းလုပ်ငန်းတွင် တန်ချိန် GT ၁၅၀၀ အရွယ်အစားရှိ ရေယာဉ်များ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား တစ်စင်း၊ မီတာ ၂၀ ရေကြောင်းပြကြို/ပို့ ဖိုင်ဘာရေယာဉ်(Pilot Boat) ၃ စင်း၊ မီးစက်၊ ရေချိုချက်လုပ်သည့်စနစ် (Desalination System)၊ ရေဆိုးသန့်စင်စက်၊ မီးငြိမ်းသတ်စနစ်၊ ရေကြောင်းပြလုပ်ငန်းထိန်းချုပ်ခန်း (Control Room)နှင့် ရေကြောင်းဆိုင်ရာ ဆက်သွယ်ရေးစက်ကိရိယာများဖြစ်ကြသည့် ရေဒါ(Radar)နှင့် အလိုအလျောက် ရေယာဉ်အမျိုးအစားနှင့် အချက်အလက်ဖော်ပြသည့် စနစ်(Automatic Identification System – AIS) တို့ ပါဝင်ပါသည်။

ထို့အပြင် ဘုရားခန်း၊ လူနေတစ်ယောက်/နှစ်ယောက်/သုံးယောက် အိပ်ခန်းများ၊ အားကစားခန်း၊ ရိက္ခာသိုလှောင်ခန်း၊ မီးဖိုခန်း၊ စားသောက်ခန်းနှင့် ရေချိုးခန်း၊ သန့်စင်ခန်း၊ အဝတ်လျှော်စက်၊ အခြောက်ခံစက်၊ စက်သုံးဆီသိုလှောင်ကန် စသည်တို့ပါဝင်ပြီး ဝန်ထမ်း ၃၆ ဦး သက်သောင့်သက်သာ အဆင်ပြေစွာနေထိုင်၍ တာဝန်ထမ်းဆောင်နိုင်သော အဆောက်အအုံတစ်ခု ဖြစ်ပါသည်။

Operation လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီ၌ ရေကြောင်းပြ ကြို/ပို့ ဖိုင်ဘာရေယာဉ်များဖြင့် ဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ အတက်/အဆင်း ပြုလုပ်ရာတွင် အဆင်ပြေမှုရှိသော်လည်း မိုးရာသီမုတ်သုံကာလ၌ လှိုင်းလေပြင်းထန်ချိန်တွင် လှိုင်းလေဒဏ်မခံနိုင်သောကြောင့် အန္တရာယ်ရှိသဖြင့် ဖိုင်ဘာရေယာဉ်များကို မြစ်ကြောင်းအတွင်း ရေကြောင်းပြ ကြို/ပို့ရန်သာ အသုံးပြုပြီး ပင်လယ်ပြင်တွင် အသုံးပြုနိုင်ရန်အတွက် သံထည်ဖြင့် ပြုလုပ်ထားသော မီတာ ၂၀ ရှိသည့် Pilot Boat ၃ စင်းကို ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၄ သန်း လျာထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ၍ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်၏ သိမ်ဖြူသင်္ဘောကျင်းတွင် ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ထပ်မံတည်ဆောက်ဖြည့်တင်းပေးခဲ့ပါသည်။

ထို့အပြင် ရေကြောင်းပြစခန်း၏ လေကွယ်ရာဘက်တွင် Pilot Boat များ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ လုံခြုံစိတ်ချစွာ အတက်/အဆင်း ပြုလုပ်နိုင်ရေးအတွက် ထပ်တိုးရေယာဉ်ဆိုက်ကပ်ရန် နေရာတစ်ခုကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် CHEC နှင့် ညှိနှိုင်း၍ တည်ဆောက်ပေးခဲ့ပါသည်။ အဆိုပါ ရေကြောင်းပြစခန်းသည် ရန်ကုန်မြို့တွင်း ဆိပ်ကမ်းဧရိယာမှ ရေမိုင် ၃၆ မိုင် ကွာဝေးသဖြင့် ဒီရေ အတက်/အကျ အခြေအနေများအပေါ် မူတည်ပြီး ရေကြောင်းပြစခန်းသို့ ရောက်ရှိရန် ခုတ်မောင်းချိန် ၄ နာရီ မှ ၆ နာရီခန့်အထိ ကြာမြင့်နိုင်ပါသည်။

စာရေးသူသည် ခရီးစဉ်တွင် ခေတ်မီ Pilot Boat ဖြင့် ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်မည့် ကုန်သွယ်သင်္ဘောကြီးပေါ်သို့ ရေကြောင်းပြကြို/ပို့ ခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်မှတ်တမ်းတင်ခွင့်










**ကမ်းလွန်ရေကြောင်းပြစခန်း မတည်ဆောက်မီနှင့် တည်ဆောက်ပြီးအခြေအနေများ။**

ရရှိခဲ့ပါသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ရန်အတွက် သင်္ဘောကြီးများကို သတ်မှတ်အချိန်တွင် ကျောက်ချရေိယာ(Anchorage Area)မှ စတင်ဝင်ရောက်လာရန် ခေါ်ယူခြင်း၊ Pilot Boat စေလွှတ်ခြင်းနှင့် ပြန်လည်ခေါ်ယူခြင်း၊ တာဝန်ကျရေကြောင်းပြမှူးကြီး၏ ဦးဆောင်မှုဖြင့် သင်္ဘောကြီး ရန်ကုန်မြစ်ရေလမ်းကြောင်းသို့ ဝင်ရောက်ခြင်းစသည့် လုပ်ငန်းစဉ်များကို ရေကြောင်းပြစခန်းရှိ Control Room တာဝန်ကျ ရေယာဉ်မှူးကြီးများနှင့် ဆက်သွယ်ရေးတာဝန်ခံတို့က ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ခြင်း(Pilot Transfer Coordination)ကို Radar နှင့် AIS စနစ်များ၊ ဆက်သွယ်ရေးစက်များ အသုံးပြု၍ စောင့်ကြည့်ဆက်သွယ်ဆောင်ရွက်ပေးကြရပါသည်။

ဤခေတ်မီ ကမ်းလွန်ရေကြောင်းပြစခန်းနှင့် Pilot Boat များအတွက် နိုင်ငံတော်က ရင်းနှီးတည်ဆောက်ဖြည့်တင်းပေးရသည်နှင့် ထိုက်တန်သည့် အကျိုးရလဒ်ကောင်းများဖြစ်သော နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက် သွားလာရာတွင်လည်းကောင်း၊ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ပေးနိုင်ခြင်းအပြင် တာဝန်ထမ်းဆောင်သူများ၏ ကိုယ်စိတ်လုံခြုံမှုပိုမိုရရှိပြီး မိမိကိုယ်ကို ယုံကြည်မှု (Self-Confidence) ရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်း၊ အကျိုးဆက်အနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနှင့် ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းခွင်မတော်တဆမှုနှင့် ထိခိုက်မှုအနည်းဆုံး (Zero Accident) အဆင့်သို့ ရောက်ရှိထိန်းသိမ်းလာနိုင်ပြီး ဆိပ်ကမ်းသုံးစွဲသူနိုင်ငံတကာ သင်္ဘောလိုင်းများနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၏ ယုံကြည်မှု(Trust) ပိုမိုရရှိလာနိုင်ပြီဖြစ်သောကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ပုံရိပ် (Image) သည်လည်း ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ထို့အပြင် ရေကြောင်းပြမှူးကြီးများ၊ ဆိပ်ကမ်းနှင့်ရေကြောင်းဆိုင်ရာ၊ ဆက်သွယ်ရေးဝန်ထမ်းများအနေဖြင့် ကမ်းလွန်ရေကြောင်းပြစခန်းတွင် လှိုင်းလေဒဏ်ကို တိုက်ရိုက်မခံစားရတော့ဘဲ Facilities အပြည့်အစုံဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ပြီဖြစ်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စိတ်ပိုင်း၊ ကိုယ်ပိုင်းဆိုင်ရာ ယုံကြည်မှုအပြည့်ဖြင့် တာဝန်ထမ်းဆောင်နေနိုင်ကြပြီဖြစ်ပါသည်။ ပင်လယ်ပြင် ရာသီဥတုဆိုးရွားချိန်များတွင် အခြား လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရန် မလိုအပ်တော့ခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ် လျှော့ချနိုင်ခြင်း၊ ဘေးကင်းလုံခြုံစိတ်ချရခြင်း၊ ထင်ရှားသည့် ရေကြောင်းပြ အမှတ်အသားအဖြစ် ပင်လယ်ဝ ကျောက်ချရေိယာအနီးတွင် တည်ရှိနေသောကြောင့် ဖြတ်သန်းသွားလာသည့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများနှင့် တပ်မတော်(ရေ)အပါအဝင် အရပ်ဘက် ကုန်တင်သင်္ဘောများအတွက် ရေကြောင်းပြ အမှတ်အသားအဖြစ် အထောက်အကူပေးနိုင်ခြင်း၊ ယခင်က ရေကြောင်းပြလုပ်ငန်းကို ၂၄ နာရီအပြည့် မဆောင်ရွက်နိုင်ဘဲ ယခုအခါ ရန်ကုန်ဆိပ်ကမ်းများသို့ ဝင်/ထွက် ဆိုက်ကပ်သည့် နိုင်ငံတကာ ကုန်သွယ်ရေယာဉ်ကြီးများကို ရာသီမရွေး၊ ၂၄ နာရီ နေ့/ည အချိန်အခါမရွေး၊ ဆိပ်ကမ်းနှင့် ရေကြောင်းဆိုင်ရာဝန်ဆောင်မှုများကို ပေးလာနိုင်ပြီး နိုင်ငံ၏သွင်းကုန်/ ပို့ကုန်များကို ပိုမိုကိုင်တွယ်လာနိုင်ခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်သည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာကို ရှာဖွေပေးနိုင်လျက် ရှိပါသည်။

ဒုတိယဝန်ကြီးအနေဖြင့်လည်း ရေကြောင်းပြစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိမိဝန်ထမ်းများ၏ လုပ်အားတန်ဖိုးကို အလေးထားပြီး ဝန်ထမ်းများ ဘေးကင်းလုံခြုံစွာ တာဝန်ထမ်းဆောင်နိုင်ကြစေရန် ငွေလုံးငွေရင်း စိုက်ထုတ်ရင်းနှီး ဆောင်ရွက်ပေးထားမှုကြောင့် မိမိဝန်ထမ်းများ ရေကြောင်းပြစခန်းကြီးတွင် ဘေးအန္တရာယ်ကင်းစွာဖြင့် နေထိုင်၍ တာဝန်ထမ်းဆောင်နေနိုင်ပြီဖြစ်သည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ နှစ်စဉ်လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားမှုနှင့် နေထိုင်ရေးအပြင် စားသောက်ရေးအတွက်ပါ ပြည့်စုံအောင် ဆောင်ရွက်ပေးထားမှုတို့ကို တန်ဖိုးထားကာ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဌာနနှင့် ဝန်ထမ်းများအတွက် အရေးပါလှသည့် Offshore Fixed Pilot Station ကြီးကို ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး တန်ဖိုးထား ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း စဉ်ဆက်မပြတ် မွေးမြူလေ့ကျင့်ပေးရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အထူးဂရုပြု ဆောင်ရွက်သွားရန်၊ လုပ်ငန်းတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကို အထူးသတိပြု ဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအားပေး ပြောကြားခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ လက်ရှိကာလတွင် တပ်မတော်(ရေ)မှ ပြောင်းရွှေ့လာသည့် ရေကြောင်းပြမှူးကြီး ၃၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ဌာနတွင်းမှ ကျွမ်းကျင်လက်မှတ်ရ ရေယာဉ်မှူးကြီးများ၊ ရေယာဉ်မှူးများနှင့် ရေယာဉ်အင်ဂျင်နီယာမှူးကြီးများ၊ ဆက်သွယ်ရေး အရာရှိများနှင့်အတူ ပူးတွဲ၍ ကမ်းလွန်ရေကြောင်းပြစခန်းတွင် တာဝန်ထမ်းဆောင်စေလျက် ရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလိုအပ်ချက်အရ နှစ်အလိုက် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ ပိုမိုများပြားစွာ ဝင်/ထွက် လျက်ရှိပြီး ကုန်ကိုင်တွယ်ရရှိမှုသည်လည်း တိုးတက်လျက် ရှိနေပါသည်။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် တစ်နှစ်လျှင် သင်္ဘောစင်းရေ ၁၄၀၀ ခန့်၊ ကုန်သေတ္တာ (ပေ ၂၀၊ Twenty-foot Equivalent Unit – TEU) ၁ သန်းခန့်နှင့် အထွေထွေကုန်စည် မက်ထရစ်တန် လေးသန်းခန့်၊ စက်သုံးဆီ မက်ထရစ်တန် လေးသန်းကျော်နှင့် စားသုံးဆီ မက်ထရစ်တန် ငါးသန်းခန့် ကိုင်တွယ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ လယ်ယာထွက်ပို့ကုန် ဆန်တန်ချိန် ၂ ဒသမ ၇၈ သန်း၊ ပြောင်း တန်ချိန် ၂ ဒသမ ၇၃ သန်း၊ ပဲအမျိုးမျိုး တန်ချိန် နှစ်သန်းခန့်၊ နှမ်းတန်ချိန် ၆၇၂၂၀ အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။

သို့ဖြစ်ရာ နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်သည့် ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်မှု လွယ်ကူအဆင်ပြေချောမွေ့ဖွံ့ဖြိုးတိုးတက်စေရန် အဓိက ဆိပ်ကမ်းကြီးဖြစ်သော ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန်ဧရိယာတွင် ဆိပ်ကမ်းတံတား ၂၈ စင်း၊ သီလဝါဧရိယာတွင် ဆိပ်ကမ်းတံတား ၂၀ စုစုပေါင်း ဆိပ်ကမ်းတံတား ၄၈ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက် သွားလာကြသည့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများအတွက် ဘေးကင်းလုံခြုံစွာဖြင့် ဆိပ်ကမ်းနှင့် ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများကို ၂၄ နာရီ လှိုင်းလေကြားက ဝန်ဆောင်မှုပေးနေကြသော ရေကြောင်းပြမှူးကြီးများနှင့် သတ်မှတ်ကာလအလိုက် အလှည့်ကျတာဝန် ထမ်းဆောင်နေကြသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများ ကိုယ်စိတ်လုံခြုံစွာဖြင့် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အပြည့်အဝ အထောက်အကူဖြစ်စေသည့် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြ စခန်းကြီး(Offshore Fixed Pilot Station)နှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါကြောင်း။ ။

# အရည်အသွေးမြင့် တန်ဖိုးမြင့် MSME ထုတ်ကုန်တွေကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ဖို့က နည်းပညာပိုင်းကလည်း အခရာကျတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့်ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပြသပြီး နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများ သိရှိနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည် -

**မေး။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းမှာ MSME လုပ်ငန်းရှင်တွေက နည်းပညာပံ့ပိုးပေးဖို့ တောင်းခံမှုတွေရှိတယ်လို့ သိရှိရတဲ့အတွက် ဒီအပေါ်မှာ ပထမဆုံးဆွေးနွေးသုံးသပ်ပေးပါ။**

ဖြေ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ရရှိတဲ့ ဒေသထွက်ကုန်ကြမ်းတွေကနေ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းကသာ နိုင်ငံ့အမျိုးသားရေးရည်မှန်းချက်တွေနဲ့ နိုင်ငံတော်ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့ အမှန်တကယ် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ထုတ်လုပ်ရရှိတဲ့ ဒေသထွက်ကုန်ကြမ်းတွေဆိုတာက ဘယ်တော့မှ ကုန်ခန်းသွားတယ်ဆိုတာ မရှိနိုင်ပါဘူး။

သတ်မှတ်ကာလအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်တာနဲ့ ကုန်ကြမ်းတွေက ပြန်လည်ရရှိနိုင်တယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကိုသာ အခြေပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းဆောင်ရွက်သွားနိုင်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲ ထုတ်ကုန်လုပ်ငန်းတွေလို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ အရည်အသွေးမြင့် တန်ဖိုးမြင့် MSME ထုတ်ကုန်တွေကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ဖို့က နည်းပညာပိုင်းကလည်း အခရာကျတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ MSME ထုတ်လုပ်ရေးကွင်းဆက်တစ်လျှောက် နည်းပညာရွေးချယ်မှုမှန်ကန်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်ရေး ကွင်းဆက်အတွင်းက လုပ်ငန်းစဉ်တွေဟာ စံချိန်စံညွှန်းတွေနဲ့ အညီဖြစ်ဖို့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ခေတ်မီနည်းပညာသုံး စွမ်းရည်မြင့် စက်ပစ္စည်းကိရိယာတွေနဲ့ လည်ပတ်သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် စွမ်းအင်သုံးစွဲနိုင်မှုကို လျှော့ချနိုင်တဲ့အပြင် ထုတ်လုပ်ရေးအတွက် အချိန်ကုန်သက်သာ၊ ထုတ်လုပ်စရိတ်သက်သာလာနိုင်မှာပဲ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ထုတ်ကုန်တွေကို အရည်အသွေး ထောက်ခံချက်တွေ၊ အသိအမှတ်ပြုမှုတွေနဲ့အညီ ထုတ်လုပ်ထားတယ်ဆိုတာ အမိကပြသနိုင်မယ်။ ပြီးတော့ ပြည်တွင်းနဲ့နိုင်ငံတကာ ဈေးကွက်တွေရဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေမှာ ဖော်ထုတ်ပြသနိုင်သွားမှာဖြစ်ပါတယ်။

အဓိကကတော့ MSME လုပ်ငန်းရှင်တွေဆီမှာ နည်းပညာဆိုင်ရာ ပုစ္ဆာတွေ၊ အရည်အသွေး အသိအမှတ်ပြုမှု ထောက်ခံချက်ရရှိဖို့ ပံ့ပိုးပေးဖို့ လိုအပ်ချက်တွေ၊ လုပ်ငန်းခွင်အခက်အခဲတွေ ရှိနေတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့၊ သုတေသနရပ်ဝန်းထဲမှာရှိတဲ့ ဌာနတွေ၊ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သုတေသနအဖွဲ့တွေနဲ့ ခေတ်ခွဲခန်းတာဝန်ခံတွေမှာ လုပ်ငန်းရှင်တွေရဲ့ ပုစ္ဆာတွေ၊ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ့် သီအိုရီဆိုင်ရာ အဖြေတွေ ရှိနေတယ်။ တိကျမှန်ကန်စွာ တိုင်းတာစစ်ဆေးပေးနိုင်မယ့် စက်ပစ္စည်းကိရိယာတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာန ပြခန်းတွေမှာ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံကြပါတယ်။

**မေး။ ။ ဒီလို နည်းပညာပံ့ပိုးပေးဖို့ ပြပွဲကနေ တစ်ဆင့် တောင်းခံမှုအခြေအနေကိုလည်း သိရှိပါရစေ။**

ဖြေ။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကနေ ပြခန်းအမှတ် (၆)နဲ့ ပြခန်းအမှတ်(၂၇) Digital Corner ပြခန်း နှစ်ခုပြသထားပါတယ်။ ဒီပြခန်း နှစ်ခုပေါင်းမှာ ပြပွဲအစကနေ ပြပွဲနောက်ဆုံးနေ့ ဒီနေ့မနက်ပိုင်းအထိ နည်းပညာပိုင်းပံ့ပိုးပေးဖို့ ပူးပေါင်းဆောင်ရွက်ဖို့ တောင်းခံသူ ၅၀၊ နည်းပညာဝန်ဆောင်မှုနဲ့ သင်တန်းပေးဖို့ တောင်းခံသူ ၂၁၀ ရှိခဲ့ပါတယ်။ ပြီးတော့ မြန်မာစံချိန်စံညွှန်းစာအုပ် (၄၆) အုပ် ဝယ်ယူသူတွေလည်း ရှိခဲ့တယ်။ တိကျမှန်ကန်စွာ တိုင်းတာမှု၊ မြန်မာစံချိန်စံညွှန်းနဲ့ ISO ရယူရေးကိစ္စ မေးမြန်းဆွေးနွေး တောင်းဆိုသူ ၉၂ ဦးရှိခဲ့ပါတယ်။ MSME ထုတ်ကုန်တွေရဲ့ စံနှုန်းအရည်အသွေးတွေကို စမ်းသပ်စစ်ဆေးပေးဖို့ ပေးပို့တာတွေလည်း ရှိပါတယ်။

ဒါကြောင့် ဒီပြပွဲကနေ MSME လုပ်ငန်းရှင်တွေရဲ့ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ပိုမိုတိုးတက်အောင်မြင်စေဖို့ နည်းပညာလိုအပ်ချက်တွေ၊ စိန်ခေါ်မှု အခက်အခဲတွေကို သိရှိရတယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်မယ့် သုတေသနစမ်းသပ်မှုတွေ၊ လေ့လာမှုတွေ အပါအဝင် ဘာတွေလုပ်ဆောင်ပေးရမယ်ဆိုတာ သိရှိခဲ့ရပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီးပြခန်းတွင် ဝယ်ယူသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**မေး။ ။ လုပ်ငန်းရှင်တွေအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမယ့် အရာတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲပြီးတာနဲ့ နိုင်ငံတော်ရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းပြီး ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့ ဒီပြပွဲကနေ တောင်းခံထားတဲ့ နည်းပညာလိုအပ်ချက်တွေ၊ နည်းပညာစွမ်းရည်မြှင့်သင်တန်းတွေ ပို့ချပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခု ပြပွဲကြီးကတော့ စက်မှုဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာအားလုံးပါဝင်ပြီးတော့ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်း-စီးပွားချိတ်ဆက်မှုတွေ၊ စီးပွားရေးသံမှူးတွေနဲ့ အွန်လိုင်းကနေ ချိတ်ဆက်ဆွေးနွေးမှုတွေ၊ လုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုတွေ၊ ကိုယ့်လုပ်ငန်းတွေ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အကြံဉာဏ်တွေ၊ အရည်အသွေးမြှင့်တင်ရေး အသိပညာတွေ၊ MSME ကွန်ရက်ကိုလည်း ပိုမိုချဲ့ထွင်နိုင်ပြီး ပြည်တွင်း ဖူလုံမှုမှသည် နိုင်ငံတကာ ဈေးကွက်အထိ ချဲ့ထွင်တိုးဖောက်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးမှုတွေ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အပါအဝင် နည်းပညာအသစ်အဆန်းတွေ သုံးစွဲဖို့ အသိသစ်၊ အမြင်သစ်တွေကို ရရှိခဲ့ကြမယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ လုပ်ငန်းရှင်တွေအတွက် အစီအစဉ်သစ်တွေ ဆောင်ရွက်မှာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲ Website ကို အင်တာနက်ပေါ် လွှင့်တင်နိုင်အောင်လည်း လမ်းညွှန်ချက်တွေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲ ဖန်တီးသွားဖို့လည်း ရှိပါတယ်။ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီ Website ကနေတစ်ဆင့် ချိတ်ဆက်မှုတွေ၊ အကြံဉာဏ်တောင်းခံမှုတွေကို လုပ်ဆောင်သွားနိုင်မယ်။ ဒီကနေတစ်ဆင့် စဉ်ဆက်မပြတ် ဖြည့်ဆည်းပံ့ပိုးပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ ဌာနအနေနဲ့ လာမယ့်နှစ်တွေမှာ ကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲတွေမှာ ဆုချီးမြှင့်ခြင်း အခမ်းအနားအပါအဝင်၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ဖို့အပါအဝင် လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ ပိုမိုဆန်းသစ်တဲ့ နည်းပညာတွေကို တီထွင်ဖန်တီးဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**မေးမြန်း-ဝင်းဝင်းမင်း၊ ဓာတ်ပုံ-ကိုကြီးထိန်**





ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသို့ လာရောက်ဝယ်ယူကြည့်ရှုသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

# အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်ပစ္စည်းပြပွဲတွေ ကျင်းပပေးတဲ့အတွက် လုပ်ငန်းရှင်တစ်ဦးနဲ့တစ်ဦး အသိပညာဖလှယ်ခွင့်ရတာကြောင့် တော်တော်လေးအကျိုးကျေးဇူးများပါတယ်

ဒေါ်နီလာဝင်းကျော်

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ပြပွဲနှင့်ပြိုင်ပွဲ အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီး တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်ပြသရောင်းချခဲ့ကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် -**

**ဦးအောင်ကျော်ဆန်း(ပန်းကမ္ဘာ မြန်မာ့လက်မှုအနုပညာလုပ်ငန်း- ပဲခူး) လက်မှုထုတ်ကုန်စံပြဆု**

ပန်းကမ္ဘာ မြန်မာ့လက်မှုအနုပညာ လုပ်ငန်းနဲ့ ပြည်ထောင်စုအဆင့်ပြပွဲ ပြိုင်ပွဲမှာ လက်မှုထုတ်ကုန်စံပြဆု ရရှိခဲ့ပါတယ်။ နိုင်ငံတော်ကနေ ဒီလိုပြိုင်ပွဲ ကျင်းပပြီး ဆုတွေလည်း ပေးအပ်တဲ့အတွက် စိတ်ဓာတ်ခွန်အားလည်းဖြစ်စေတယ်။ ကျယ်ကျယ်ပြန့်ပြန့်လည်း လူသိလာတဲ့အတွက်၊ ဈေးကွက်ချဲ့ထွင်ဖို့ အခွင့်အလမ်းတွေလည်း ရလာတဲ့အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းကို ၁၉၉၄ ခုနှစ်ကတည်းက အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ပြီး ဆောင်ရွက်ခဲ့တာပါ။ မြန်မာ့ရိုးရာပန်းဆယ်မျိုးထုတ်ကုန်တွေနဲ့ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံတွေအထိ ပြည်ပဈေးကွက်ရှိနေတယ်။ ပြည်တွင်း ဈေးကွက်အနေနဲ့လည်း ပဲခူးတိုင်းဒေသကြီးအတွင်းမှာတင် မဟုတ်ဘဲ တခြားသော တိုင်းဒေသကြီး၊ ပြည်နယ်တွေအထိ ဈေးကွက်မှာ ပျံ့နှံ့သွားဖို့ အခွင့်အလမ်းတွေပါရရှိခဲ့ပါတယ်။ ကျွန်တော်တို့လုပ်ငန်းရဲ့ ရည်ရွယ်ချက်က မြန်မာ့ရိုးရာပန်းဆယ်မျိုး ပညာရပ်တွေကို ထိန်းသိမ်းဖို့နဲ့ ထင်းဖြစ်သွားမယ့်အစား တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းအဖြစ်နဲ့ သစ်အခြေခံလက်မှု ထုတ်ကုန်တွေ ထုတ်လုပ်တာနဲ့ လူ့အသုံးအဆောင် ပစ္စည်းတွေလည်း ဖြစ်လာမယ်။ ပြည်ပ အစားထိုး ပြည်တွင်းထုတ်ကုန်ပစ္စည်း အနေနဲ့လည်း ရပ်တည်နိုင်ဖို့ဖြစ်ပါတယ်။ လက်ရှိမှာ ရောင်းအားအကောင်းဆုံးက Capital မှာ မီးဖိုချောင်သုံးပစ္စည်း၊ ပန်းပု ပစ္စည်းတွေကို တင်ပို့ရောင်းချနေတာ လေးနှစ်ရှိပါပြီ။ အဓိကရောင်းချနေရတာကတော့ မီးဖိုချောင်သုံးပစ္စည်းတွေ ဖြစ်တဲ့ စဉ်းတီတုံး၊ ငရုတ်ဆုံ စတာတွေဖြစ်ပါတယ်။ အခုပြပွဲမှာ ဈေးကွက် / စီးပွား ချိတ်ဆက်ရေး ပြခန်းကနေတစ်ဆင့် ပြည်တွင်း ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့နဲ့ချိတ်ဆက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေကို ဖြန့်ဖြူးဖို့ ချိတ်ဆက်ထားပါတယ်။ ဒါကြောင့်မို့ ပြည်ပကလည်း တန်ဖိုးထားတယ်။ ပြည်တွင်းမှာလည်း ပန်းဆယ်မျိုး ပညာတွေ မတိမ်ကောဖို့နဲ့ ဝင်ငွေတစ်ရပ် ဖော်ဆောင်နိုင်ဖို့ နောင်ဆက်လက်ပြီးတော့လည်း ပြည်တွင်းဖြစ် ပြည်ပအစားထိုး ထုတ်ကုန်ပစ္စည်းသစ်တွေကို ဆက်လက်ဖန်တီး ထုတ်လုပ်သွားဖို့ ကြိုးစားသွားပါမယ်။

**ဒေါ်နီလာဝင်းကျော် (ပံ့သုရတနာကျော်ကုမ္ပဏီ-မကွေး) အငယ်စားစီးပွားရေးလုပ်ငန်း အထူးဆု**

အခု ဒီပြပွဲပြိုင်ပွဲ ဈေးကွက်မှာလည်း ရောင်းအားအကောင်းဆုံးဖြစ်နေတဲ့ ပြည့်လျှံကြွယ်ဝမြှပ်ချေး သဘာဝမြေဩဇာထုတ်ကုန်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အထူးဆုရရှိခဲ့ပါတယ်။ ကျွန်မတို့ ကုမ္ပဏီက သဘာဝမြေဩဇာအပြင် စိုက်ပျိုးရေးသွင်းအားစုတွေကို ထုတ်လုပ်ပါတယ်။ ပြည့်လျှံသဘာဝမြေဩဇာကို ကြွယ်ဝမြှပ်ချေးအခြေခံပြီးတော့ ပါဝင်ပစ္စည်း ၂၁ မျိုး အချိုးကျရောစပ် အသုံးပြုပါတယ်။ တောင်သူတွေ သွင်းအားစုကုန်ကျစရိတ် သက်သာဖို့နဲ့ ပျက်စီးနေတဲ့ မြေဆီလွှာတွေကို ပြုပြင်ဖို့အတွက် အဓိကထားပြီး ထုတ်လုပ်ခဲ့ပါတယ်။ အသေးစားစက်မှုလုပ်ငန်းအနေနဲ့ လည်ပတ်နေရတဲ့အချိန်မှာ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်ပစ္စည်းပြပွဲတွေ ကျင်းပပေးတဲ့အတွက် လုပ်ငန်းရှင်တစ်ဦးနဲ့တစ်ဦး အသိပညာ ဖလှယ်ခွင့်ရတာကြောင့် တော်တော်လေး အကျိုးကျေးဇူးများပါတယ်။ ပြခန်းမှာပြတဲ့အခါ တော်တော်များများ ဈေးကွက်ချိတ်ဆက်မှုလည်း ကျယ်ပြန့်စေတယ်။ ပြည့်လျှံကို မကွေးတိုင်းဒေသကြီးနဲ့ နေပြည်တော်မှာ အဓိကဖြန့်ပါတယ်။ ဒါ့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်းနဲ့ ရမည်းသင်းမြို့မှာ ဖြန့်ဖြူးပါတယ်။ ထုတ်လုပ်မှုပိုင်းမှာတော့ အခုက စိန်ခေါ်မှုများတဲ့ ကာလဆိုတော့ အခက်အခဲတွေကြားထဲကနေ အဆင်ပြေအောင်ကျော်ဖြတ်နေပါတယ်။ ပြည့်လျှံသဘာဝမြေဩဇာက သုံးစွဲတဲ့ တောင်သူတွေအတွက် ဓာတုဓာတ်ကြွင်း ကင်းအောင်လည်း ထုတ်လုပ်ထားပါတယ်။ ဒီသဘာဝထုတ်ကုန်သည် အပူပိုင်းဇုန်ကို အဓိကထားထုတ်လုပ်ထားပြီး သီးနှံတွေကို ရေငတ်ဒဏ်ခံနိုင်စေတဲ့အတွက် နှမ်းသီးနှံမှာ ပိုပြီးထိရောက်မှုရှိတယ်။ မြေဩဇာဖြန့်ဖြူးတဲ့အချိန်မှာလည်း ကျွန်မက တောင်သူဘဝက စခဲ့တဲ့အတွက် ကျွန်မကြုံတွေ့ခဲ့ရတဲ့ မြေတွေ ပျက်စီးလာတာတွေ၊ စိုက်ရပျိုးရခက်ခဲပြီး သီးနှံအထွက်နှုန်းတွေ လျော့ကျလာတာတွေ၊ သွင်းအားစုကုန်ကျစရိတ် မြင့်တက်လာတာတွေကြောင့် ဒီစိန်ခေါ်မှုတွေကို ကျော်ဖြတ်နိုင်ဖို့ မြေဩဇာကို ကိုယ်တိုင်ထုတ်ပြီး သုံးစွဲခဲ့တာပါ။ အဲဒီနောက်မှ နီးစပ်တဲ့ တောင်သူတွေကို ဖြန့်ခဲ့တယ်။ တောင်သူတွေကိုလည်း နည်းပညာမျှဝေတယ်။ စံပြကွက်တွေ စိုက်ပျိုးပေးတယ်။ ဒါကြောင့် သူတို့ရဲ့ထောက်ခံအားပေးမှုကိုရခဲ့တဲ့အတွက် တောင်သူမှ တောင်သူသို့ သွားတဲ့စနစ်နဲ့ ကုမ္ပဏီနှစ်နှစ်သက်တမ်းမှာပဲ တော်တော်လေး လက်ခံအားပေးမှုကို ရရှိခဲ့ပါတယ်။အခုလက်ရှိ နေပြည်တော် စက်ရုံတိုးချဲ့တည်ဆောက်ဖို့နဲ့ သဘာဝမြေဩဇာအပြင် နောက်ထပ် မြေဩဇာနှစ်မျိုး ထပ်တိုးချဲ့ထုတ်လုပ်ဖို့၊ တောင်သူတွေ မြေပြင်ဖို့အသုံးပြုတဲ့ ဂျစ်ပ်ဆင်နဲ့ဒိုလိုမိုက်မြေဩဇာတွေ ထုတ်ဖို့လည်း ဆောင်ရွက်နေပါတယ်။ ဈေးကွက်ကိုလည်း တိုးချဲ့နိုင်အောင် ကြိုးစားနေပါတယ်။

**ကိုဇော်မြင့်မြတ်(Myanmar Secure Group ကုမ္ပဏီ) ကျောက်စိမ်းလက်ဝတ်ရတနာ မျိုးစုံလုပ်ငန်း**

ကျွန်တော်တို့ လုပ်ငန်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှာ အခြေစိုက်ပြီး ကျောက်စိမ်းပုတီး၊ ကျောက်စိမ်းလက်ကောက်၊ လက်ဝတ်ရတနာမျိုးစုံ ကုန်ချောထုတ်လုပ်ပြီး အွန်လိုင်းစနစ်နဲ့ အဓိကရောင်းချဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ လုပ်ငန်းကို ၂၀၂၄ ခုနှစ်မှာ စတင်ဆောင်ရွက်ပြီး နောက်ပိုင်းမှာ အွန်လိုင်းစနစ်နဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။ အခုမှ စတင်တည်ထောင်တဲ့ လုပ်ငန်းသစ်တစ်ခုအနေနဲ့ အခုလို ပြပွဲမှာ ဝင်ရောက်ပြသခွင့်ရတဲ့အတွက် ကိုယ့်ကုန်အမှတ်တံဆိပ်ကို လူသိများအောင် ချပြခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့က အခုလောလောဆယ် ကုန်ကြမ်းဝယ်ယူပြီး ကုန်ချောထုတ်လုပ် ရောင်းချတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာလည်း အွန်လိုင်းအပြင် Offline ပါ ရောင်းချသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ။ ဒီပြပွဲမှာ MSME လုပ်ငန်းရှင်တွေအတွက် ကိုယ့်ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သိရှိအောင် ချပြခွင့်ရတဲ့အတွက် အခုလို ပြည်ထောင်စုအဆင့် ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားတွေ ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးမြင့်ဝင်း(Super Seven Star Industrial Development ကုမ္ပဏီ)**

ကျွန်တော်တို့ ဒီမှာပြရတဲ့ ရည်ရွယ်ချက်က ကမ္ဘာတစ်လွှားမှာ ခေတ်မီတိုးတက်ပြောင်းလဲနေတဲ့ နည်းပညာတွေကို MSME လုပ်ငန်းရှင်တွေ မျက်ဝါးထင်ထင်တွေ့မြင်နိုင်အောင်၊ လိုအပ်တဲ့ စက်ယန္တရား၊ နည်းပညာပိုင်းဆိုင်ရာနဲ့ အကြီးစားထုတ်လုပ်ရေးစက်ရုံပိုင်းဆိုင်ရာ စက်မှုစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်အသုံးပြုတဲ့ အဆင့်မြင့်နည်းပညာဆိုင်ရာ ထုတ်ကုန်တွေကို လေ့လာနိုင်အောင် ပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေကို ပြည်တွင်းအဆင့်မှာထက် နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ ပြည်ပဈေးကွက်အထိ တိုးချဲ့ထုတ်လုပ်နိုင်မယ့် နည်းပညာအထောက်အကူပြု စက်ယန္တရားတွေကို ပြသတာပါ။ အဓိက ကျွန်တော်တို့ပြတာက အမေရိကန်နိုင်ငံ ထုတ်လုပ်ထားတဲ့ Moisture Anilizer ဆိုတဲ့ စိုထိုင်းဆ တိုင်းတာတဲ့ပစ္စည်းကို ပြသပါတယ်။ ထုတ်ကုန်ရဲ့သက်တမ်းဟာ အစိုဓာတ်ပါဝင်မှုပေါ်မှာ မူတည်တယ်။ စိုထိုင်းဆကို ထိန်းသိမ်းထားနိုင်မှသာလျှင် စားသုံးသူတွေရဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ထုတ်ကုန်တွေ ထုတ်လုပ်ဖို့၊ ထုတ်ကုန်တွေရဲ့ သက်တမ်းကို ပိုရှည်နိုင်စေဖို့ စံချိန်စံညွှန်းမီတဲ့ အစိုဓာတ်ကို ထိန်းသိမ်းထုတ်လုပ်နိုင်ဖို့အတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Super Seven Stars အနေနဲ့လည်း MSME စီးပွားရေးလုပ်ငန်းရှင်တွေ၊ စားသောက်ကုန် လုပ်ငန်းရှင်တွေက လိုအပ်တယ်ဆိုရင်လည်း အရစ်ကျငွေချေစနစ်နဲ့ ပြသရောင်းချပေးပါတယ်။

**ဒေါ်နန်းခင်အုန်း(Na Rain Dara ကုမ္ပဏီ- နေပြည်တော်) ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆု**

ကျွန်မရဲ့ မှျစ်ခြောက်ထုတ်ကုန်နဲ့ MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲမှာ နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရရှိခဲ့ပါတယ်။ ကျွန်မတို့ ကုမ္ပဏီအနေနဲ့ ၂၀၁၅ ခုနှစ်ကစပြီး နေပြည်တော်ဒေသထွက် မှျစ်ခြောက်တွေကို အဆင့်မြှင့်နည်းပညာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီးတော့ ဂျပန်နိုင်ငံကို တင်ပို့ရောင်းချခဲ့တာကတော့ ၁၀ စုနှစ် တစ်စုစာလောက်ရှိပါပြီ။ နိုင်ငံတကာ အရည်အသွေးမီ မှျစ်တွေကို စိန်ဖူးတံဆိပ် အဆင့်မြင့်မှျစ်ခြောက်အဖြစ် စတင်ထုတ်လုပ်ခဲ့ပြီး ပြည်တွင်း စူပါမားကက်တွေ၊ စားသောက်ဆိုင်တွေနဲ့အွန်လိုင်းမှာပါ စတင်ရောင်းချပေးနေပါတယ်။ နရိန္ဒြာကုမ္ပဏီအနေနဲ့ ကျေးလက်နေတောင်သူတွေ ရေရှည်ရပ်တည်နိုင်ဖို့အတွက်နဲ့ တစ်နိုင်ငံတစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် အဆင့်မြင့် မှျစ်ချိုး၊ မှျစ်ပြုတ်သင်တန်းတွေကိုလည်း နိုင်ငံအနှံ့ သင်ကြားပေးနေပါတယ်။ ဒါ့အပြင် မှျစ်ထုတ်လုပ်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ပံ့ပိုးပေးတာအပြင် ကိုယ်ပိုင်ဝါးစိုက်ခင်းတွေ တည်ထောင်နိုင်တဲ့အထိ လက်တွဲ လုပ်ကိုင်နေတဲ့ နိုင်ငံခြားဝင်ငွေရစားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ပြည်တွင်းထွက် သဘာဝထုတ်ကုန်တွေနဲ့ ပြည်ပဝင်ငွေတွေ ဒီထက်မကရှာဖွေနိုင်ဖို့အတွက်လည်း အကောင်းဆုံး ကြိုးစားသွားပါမယ်။




ဦးအောင်ကျော်ဆန်း



ဒေါ်နီလာဝင်းကျော်



ကိုဇော်မြင့်မြတ်



ဦးမြင့်ဝင်း



ဒေါ်နန်းခင်အုန်း



**တွေ့ဆုံမေးမြန်း - ဇင်ဦး၊ ဟိန်းထက်ဇော်**
**ဓာတ်ပုံ - ဇော်ဘီ**

# သင်ယူခဲ့ရသော ဥပဒေအနှစ်သာရနှင့် တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်း

မငြိမ်းငြိမ်းမြတ် (ဥပဒေ)

**“ဥပဒေရဲ့အနှစ်သာရတွေကိုကြည့်ရင် ကျွန်မတို့ လူမှုပတ်ဝန်းကျင်မှာ ဥပဒေတွေ မရှိမဖြစ်လိုအပ်တာ တွေ့နိုင်ပါတယ်။ ကျွန်မတို့ဟာ အခြားသူတွေနဲ့ကင်းကွာပြီး တစ်ယောက်တည်း နေလို့မရပါဘူး။ နေ့စဉ် လူမှုကိစ္စအဝဝအတွက် အခြားသူတွေနဲ့ ယှဉ်တွဲနေထိုင်ကြရတယ်။ ပေါင်းသင်းဆက်ဆံရတယ်။ လက်တွဲအလုပ်လုပ်ကြရတယ်။ ဒါပေမယ့် လူတွေဆိုတာ လူတစ်ကိုယ် စိတ်တစ်မျိုးရှိကြတာဆိုတော့ လူမှုနယ်ပယ်ထဲမှာ မတူညီတဲ့ သဘောထားတွေ၊ ဆန္ဒတွေ၊ အယူအဆတွေ၊ သူလိုချင်တာ ကိုယ်လိုချင်တာ စတဲ့ မတူညီနိုင်တာတွေ အများကြီးရှိနေပါတယ်။ ဒီတော့ မတူညီတာတွေများလာတဲ့အခါမှာ ပဋိပက္ခဆိုတာတွေက နေ့စဉ် ဒုနဲ့ဒေး ဖြစ်လာပါတယ်။ အဲဒီ ဖြစ်လာတဲ့ ဒါမှမဟုတ် ဖြစ်လာနိုင်တဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်ဖို့၊ ထိန်းကျောင်းဖို့နဲ့ ဖြေရှင်းဖို့အတွက် ဥပဒေတွေ လိုအပ်ပါတယ်”**

ကျွန်မ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့အချိန်က ဘဝအတွက် အရေးပါတဲ့ ရွေးချယ်မှုတစ်ခုကို စဉ်းစားဆုံးဖြတ်ရပါတယ်။ ဒီဆုံးဖြတ်ချက်က အဆင့်မြင့်ပညာတွေ ဆက်လက်သင်ယူဖို့ အရေးပါသလို ဘဝရဲ့အသက်မွေးဝမ်းကျောင်းရွေးချယ်ရာမှာလည်း အရေးပါပါတယ်။ ကိုယ်လေ့လာသင်ယူထားတဲ့ ပညာရပ်တွေနဲ့ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ် ထပ်တူကျဖို့ စဉ်းစားရပါတယ်။ ကိုယ်ဝါသနာပါတဲ့ ပညာကိုသင်ယူမှလည်း စိတ်ဝင်စားပြီး ပျော်စရာကောင်းမှာ မဟုတ်လား။ ဒီတော့ တက္ကသိုလ်မှာ ဘယ်ဘာသာရပ်ကို သင်ယူမလဲဆိုတာ မိဘတွေနဲ့ အကျေအလည်တိုင်ပင်ပြီး ရွေးချယ်ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်မအတွက် အထူးအထွေတော့ မခက်ခဲခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ ဥပဒေပညာကို ဝါသနာပါလို့ ဥပဒေဘာသာရပ်ကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ကျွန်မရဲ့ ရွေးချယ်ဆုံးဖြတ်မှုဟာ ဥပဒေကျောင်းသူဖြစ်လာဖို့နဲ့ ဥပဒေပညာရဲ့အနှစ်သာရတွေ တွေ့ထိဖို့ ပထမဆုံးခြေလှမ်း ဖြစ်ခဲ့ပါတယ်။

ကျွန်မဟာ ဘာဖြစ်လို့များ ဥပဒေဘာသာရပ်ကို ရွေးချယ်ခဲ့သလဲဆိုတဲ့ မေးခွန်းဟာ ကျွန်မကိုယ်တိုင် ဥပဒေပညာကျောင်းသူတစ်ယောက်ဖြစ်လာတဲ့အခါမှာ ပိုပြီးပြည့်စုံတဲ့အဖြေကို သိခဲ့ပါတယ်။ တက္ကသိုလ်ပညာရပ်တွေထဲမှာ ဘယ်ပညာရပ်က ပိုအရေးပါတယ်၊ ပိုအရေးကြီးတယ်လို့ နှိုင်းယှဉ်ပြောဖို့ ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့နေရာသူ လိုအပ်နေ၊ အရေးပါနေလို့ပါပဲ။ ကျွန်မအတွက် ဥပဒေပညာရပ်ဆိုတာလည်း ဒီအတိုင်းပါပဲ။ ကျွန်မအတွက် အရေးပါတဲ့ ပညာရပ်ဖြစ်ပါတယ်။ ကျွန်မတို့တစ်တွေ လူ့ပတ်ဝန်းကျင်မှာနေကြပြီဆိုရင် စည်းတို့၊ ဘောင်တို့၊ ကျင့်ဝတ်တို့၊ ဥပဒေတို့ဆိုတာ မရှိမဖြစ်လိုအပ်ချက်တစ်ခုပါ။ တောင်းမှာအကွပ်၊ လူမှာအဝတ်လိုအပ်သလိုပါပဲ။ ဥပဒေတွေဟာ ကျွန်မတို့ လူမှုပတ်ဝန်းကျင်အတွက် အရေးပါတဲ့ ဘာသာရပ်တစ်ခုဖြစ်တဲ့အတွက် ကျွန်မဆုံးဖြတ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဥပဒေဆိုတဲ့စကားကို လူတိုင်းကြားဖူးနေကျပါ။ ထူးဆန်းတဲ့ စကားလုံးတော့ မဟုတ်ပါဘူး။ တချို့ကတော့ ဥပဒေလို့ဆိုလိုက်ရင် ကြောက်လန့်သွားကြတာလည်း တွေ့ဖူးပါတယ်။ ဒါကလည်း ဥပဒေနဲ့ စိမ်းနေလို့ ဖြစ်နိုင်သလို ဥပဒေရဲ့အနှစ်သဘောကို မသိသေးလို့လည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ ဥပဒေတွေဟာ ကျွန်မတို့ကို အကာအကွယ်ပေးဖို့၊ ရပိုင်ခွင့်တွေရဖို့နဲ့ တစ်ဦးချင်း လိုက်နာရမယ့်တာဝန်တွေ လိုက်နာကြဖို့ ပြဋ္ဌာန်းပေးထားခြင်းပါ။ အဲဒီလို ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေရဲ့အနှစ်သာရဆိုတာ လူ့အဖွဲ့အစည်းတစ်ခုမှာရှိတဲ့ တရားရေးစနစ်တွေကို ဖော်ညွှန်းနေတဲ့ အခြေခံသဘောသဘာဝ ဒါမှမဟုတ် အခြေခံစည်းမျဉ်း စည်းကမ်းတွေ ဖြစ်ပါတယ်။ သူ့မှာ အခြေခံအတွေးအခေါ်တွေ၊ တန်ဖိုးတွေနဲ့ ရည်ရွယ်ချက်တွေ ပါဝင်ပါတယ်။ ဥပဒေရဲ့ အနှစ်သာရတွေဟာ တရားရေးစနစ်တွေနဲ့ ယဉ်ကျေးမှုတွေအပေါ် မူတည်ပြီး ကွဲပြားတာတွေ ရှိကြပါတယ်။ အဲဒီထဲကမှ တူညီတဲ့ ဥပဒေအနှစ်သာရတွေအနေနဲ့ဆိုရင် –

(က) **တရားမျှတမှု။** ဥပဒေတွေပြဋ္ဌာန်းကျင့်သုံးရတဲ့ အဓိက ရည်ရွယ်ချက်တစ်ခုက ကျွန်မတို့ လူမှုပတ်ဝန်းကျင်မှာ တရားမျှတမှုတွေရှိဖို့ဖြစ်ပါတယ်။ တရားမျှတမှုတွေရဖို့အတွက် လူတစ်ဦးနဲ့ တစ်ဦးအကြား မျှမျှတတဆက်ဆံမှုရရှိဖို့၊ တစ်ဦးချင်းရဲ့ ရပိုင်ခွင့်တွေရရှိဖို့ ပါပါတယ်။ အဲဒါတွေရဖို့အတွက် အကာအကွယ်ပေးရေး၊ အငြင်းပွားတာတွေကို တရားမျှတစွာနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးတွေလည်း ပါပါတယ်။

(ခ) **ရပိုင်ခွင့်များနှင့် တာဝန်များ။** ဥပဒေတွေဟာ လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ ရပိုင်ခွင့်တွေနဲ့ တာဝန်တွေကို သတ်မှတ်ပေးထားပါတယ်။ ဥပဒေတွေက အခွင့်အရေးတွေကို အကာအကွယ်ပေးဖို့နဲ့ တာဝန်တွေကို လိုက်နာစေဖို့အတွက် တရားရေးစနစ်တွေကို အထောက်အပံ့ဖြစ်စေပါတယ်။

(ဂ) **အမိန့်။** ဥပဒေတွေရဲ့ နောက်ထပ်သော့ချက်တစ်ခုက လူ့အဖွဲ့အစည်းအတွင်းမှာ တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ ဖြစ်ပါတယ်။ ဥပဒေ၊ အမိန့်နဲ့ စည်းမျဉ်း စည်းကမ်းတွေက လူအချင်းချင်းဆက်ဆံရေးမှာ အမူအကျင့်တွေကို ထိန်းသိမ်းပေးမယ်၊ ပြဿနာတွေကို ဖြေရှင်းပေးမယ်၊ နောက်ပြီး မတည်ငြိမ်မှုတွေကို တားဆီးဖို့အတွက် မူဘောင်တစ်ခုအနေနဲ့ ရပ်တည်ပေးပါတယ်။

(ဃ) **အကာအကွယ်ပေးခြင်း။** ဥပဒေတွေဟာ ကျွန်မတို့ တစ်ဦးချင်းကိုဖြစ်စေ၊ အစုအဖွဲ့တွေကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ အပြင်က ဒါမှမဟုတ် အတွင်းက ဘေးအန္တရာယ်ပြုတာတွေကနေ ကာကွယ်ပေးဖို့အတွက် ရည်ရွယ်ထားပါတယ်။ အနီးစပ်ဆုံး ဥပမာပြရရင် ဥပဒေတွေက လူဆိုး၊ သူခိုး၊ လူရမ်းကားတွေရန်ကနေ ကျွန်မတို့ကို အကာအကွယ်ပေးထားပါတယ်။

(င) **တာဝန်ခံမှုရှိစေခြင်း။** ဥပဒေတွေဟာ လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေအတွက် တာဝန်ယူမှုရှိစေပါတယ်။ ဥပဒေတွေက အကျင့်စာရိတ္တစံနှုန်းတွေကို ချမှတ်ပြီး အဲဒီစံနှုန်းတွေကို ချိုးဖောက်မယ်ဆိုရင် ချိုးဖောက်မှုအတွက် ဖြစ်လာမယ့် အကျိုးဆက်တွေကို တာဝန်ယူ တာဝန်ခံစေဖို့ ပြဋ္ဌာန်းထားပါတယ်။

(စ) **လူမှုပြောင်းလဲမှုနှင့် တိုးတက်မှု။** မှန်ကန်ထိရောက်တဲ့ ဥပဒေတွေဟာ လူမှုရေးပြောင်းလဲမှုကို ပံ့ပိုးပေးနိုင်ပါတယ်။ ဒ့ါအပြင် လူမှုရေးမမျှတမှုတွေကို ဖြေရှင်းဖို့၊ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဖို့နဲ့ လူမှုလိုအပ်ချက်တွေ၊ တန်ဖိုးထားမှုတွေ တိုးတက်စေဖို့အတွက် ဥပဒေတွေက အထောက်အကူပေးပါတယ်။

အဓိကကတော့ ဥပဒေရဲ့အနှစ်သာရဟာ လူတွေရဲ့အပြုအမူကို ထိန်းကျောင်းဖို့နဲ့ အငြင်းပွားတာတွေကို ဖြေရှင်းပေးတဲ့အပြင် တရားမျှတပြီး စည်းစနစ်ကျတဲ့ လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးတဲ့ မူဘောင်တစ်ခု ဖန်တီးပေးခြင်းဖြစ်ပါတယ်။

အထက်က ဥပဒေရဲ့အနှစ်သာရတွေကိုကြည့်ရင် ကျွန်မတို့ လူမှုပတ်ဝန်းကျင်မှာ ဥပဒေတွေ မရှိမဖြစ်လိုအပ်တာ တွေ့နိုင်ပါတယ်။ ကျွန်မတို့ဟာ အခြားသူတွေနဲ့ကင်းကွာပြီး တစ်ယောက်တည်းနေလို့ မရပါဘူး။ နေ့စဉ် လူမှုကိစ္စအဝဝအတွက် အခြားသူတွေနဲ့ ယှဉ်တွဲနေထိုင်ကြရတယ်။ ပေါင်းသင်းဆက်ဆံရတယ်။ လက်တွဲအလုပ်လုပ်ကြရတယ်။ ဒါပေမယ့် လူတွေဆိုတာ လူတစ်ကိုယ် စိတ်တစ်မျိုးရှိကြတာဆိုတော့ လူမှုနယ်ပယ်ထဲမှာ မတူညီတဲ့သဘောထားတွေ၊ ဆန္ဒတွေ၊ အယူအဆတွေ၊ သူလိုချင်တာ ကိုယ်လိုချင်တာ စတဲ့ မတူညီနိုင်တာတွေ အများကြီးရှိနေပါတယ်။ ဒီတော့ မတူညီတာတွေများလာတဲ့အခါမှာ ပဋိပက္ခဆိုတာတွေက နေ့စဉ် ဒုနဲ့ဒေး ဖြစ်လာပါတယ်။ အဲဒီ ဖြစ်လာတဲ့ ဒါမှမဟုတ် ဖြစ်လာနိုင်တဲ့ ပြဿနာတွေကို ကြိုတင်ကာကွယ်ဖို့၊ ထိန်းကျောင်းဖို့နဲ့ ဖြေရှင်းဖို့အတွက် ဥပဒေတွေ လိုအပ်ပါတယ်။

ဒါကြောင့် ဥပဒေတွေကို လူတွေ ဖန်တီးကျင့်သုံးလာခဲ့ကြပါတယ်။ လူမှုအသိုက်အဝန်းမှာ ရှုပ်ထွေးမှုတွေ ပိုများလာတာနဲ့အမျှ ဥပဒေတွေရဲ့ အရေးပါမှုဟာလည်း ပိုကျယ်ပြန့်လာပါတယ်။ ဥပဒေနဲ့ ပတ်သက်လို့ ကျွန်မတို့ငယ်စဉ်က ပြည်သူ့တရားရှင် ရုပ်ရှင်ဇာတ်လမ်းတွဲကို ကြည့်ဖူးပါတယ်။ ဇာတ်လမ်းထဲမှာ တရားသူကြီးက ပေါင်ချိန်ဖြစ်ပါတယ်။ ပြည်သူ့တရားရှင် ပေါင်ချိန်က တရားဥပဒေကို အတိအကျ ကျင့်သုံးပါတယ်။ ဥပဒေ ချိုးဖောက်သူ၊ မလိုက်နာသူတွေကို ကျောသား၊ ရင်သားမခွဲခြားဘဲ တရားစီရင်ပါတယ်။ ဒီဇာတ်ကားထဲမှာ တရားဥပဒေရဲ့ အရေးပါမှုနဲ့ တရားသူကြီးရဲ့ မှန်မှန်ကန်ကန်ကျင့်သုံးမှုတွေကို တွေ့ရပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုကို အုပ်ချုပ်ရာမှာ တရားဥပဒေတွေဟာ ဘယ်လိုအခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို သိခဲ့ရပါတယ်။ တရားဥပဒေ ကျင့်သုံးတာနဲ့ပတ်သက်လို့ အမေရိကန်သမ္မတ ရုစဘဲ့က စကားတစ်ခွန်းပြောဖူးပါတယ်။ **“No man is above the law and no man is below it.”** “ဘယ်သူမှ ဥပဒေအထက်မှာ မရှိသလို ဘယ်သူမှလည်း ဥပဒေအောက်မှာ မရှိပါဘူး” တဲ့။ ဒါဟာ ဥပဒေရဲ့အသက်လို့လည်း ဆိုရမှာပါ။

ဒါကြောင့် ဥပဒေတွေဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတိုင်းရဲ့ အခြေခံအုတ်မြစ်အဖြစ် ရှိနေကြပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုအတွက် ဥပဒေရဲ့အရေးပါမှုဟာ အများကြီး ကျယ်ပြန့်ပါတယ်။ ကျွန်မတို့ရဲ့ နေ့စဉ် လူနေမှုဘဝ၊ အုပ်ချုပ်ရေးစနစ်၊ လူတစ်ဦးချင်းစီရဲ့အခွင့်အရေး အကာအကွယ်ပေးဖို့တွေအပြင် ကျွန်မတို့အားလုံးရဲ့ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထိ လွှမ်းခြုံနေပါတယ်။

ဒီတော့ ကျွန်မတို့ရဲ့နေ့စဉ်ဘဝတွေမှာ ဥပဒေတွေ လိုအပ်လားလို့ဆိုရင် လိုအပ်တယ်လို့ပဲ ဖြေရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဥပဒေတွေက လူ့ပတ်ဝန်းကျင်ကို ဟန်ချက်ညီ မျှတစေလို့ လိုအပ်တယ်လို့ ဖြေရခြင်းပါ။ ဒါဆိုရင် ဥပဒေတွေရှိရုံနဲ့ လူ့ပတ်ဝန်းကျင်အတွက် လုံလောက်ပြီလားလို့ဆိုရင် မလုံလောက်ဘူးလို့ ကျွန်မထင်ပါတယ်။ အမေရိကန်တရားသူကြီး **Frank Caprio** ရဲ့ **Caught in Providence** ရုပ်သံဇာတ်လမ်းတွေကို လူအတော်များများ ကြည့်ဖူးကြပါလိမ့်မယ်။ **Frank Caprio** ဟာ တရားစီရင်တဲ့အခါမှာ ဥပဒေနဲ့ နှလုံးသားကို ပေါင်းစပ်စီရင်တာ တွေ့ရပါတယ်။ လူတစ်ယောက်ဟာ ဥပဒေချိုးဖောက်ခဲ့တာမှန်ပေမယ့် အဲဒီဥပဒေချိုးဖောက်သူဟာ အခြားသော ကျိုးကြောင်းဆီလျော်တဲ့ အခက်အခဲတွေရှိနေရင် ကိုယ်ချင်းစာတရားနဲ့ စီရင်ဆုံးဖြတ်တာကို တွေ့ရပါတယ်။ လိုအပ်တဲ့ ငွေကြေးကအစ ဥပဒေဘောင်အတွင်းက ကူညီပံ့ပိုးပေးပါတယ်။ **Frank Caprio** ရဲ့ စီရင်ဆုံးဖြတ်တာတွေကို ကြည့်ရင် လူ့ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်အောင် ပြုပြင်ထိန်းကျောင်းရာမှာ ဥပဒေပြဋ္ဌာန်းချက်တွေအပြင် လူသားဆန်မှု၊ ကိုယ်ချင်းစာတရား၊ ကြင်နာတတ်မှု၊ ဆင်ခြင်တုံတရားတွေ လိုအပ်တာတွေ့ရပါတယ်။ ဒါဟာ ဥပဒေရဲ့ အနှစ်သာရကို ပြည့်ဝစေသလို မေတ္တာနဲ့ ထိန်းကျောင်းခြင်းအားဖြင့် လူ့လောကကို လှပစေပါတယ်။ ဥပဒေကိုကျင့်သုံးသူရဲ့ ဆင်ခြင်တုံတရားနဲ့ နှလုံးသား အရည်အသွေးမြင့်မားမှုဟာ ဥပဒေကို ပိုပြီး ထိရောက်စေကာ လူ့လောကကြီးကို လှပတင့်တယ်စေတယ်လို့ ဆိုရမှာပါ။

ဒီတော့ ကျွန်မတို့ဟာ ဥပဒေကို ကျင့်သုံးရသူဖြစ်စေ၊ ဥပဒေကို လိုက်နာရသူဖြစ်စေ အဓိကဦးတည်ချက်ကတော့ ကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်တစ်ခု တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို တည်ငြိမ်အေးချမ်းပြီး တိုးတက်အောင် တည်ဆောက်ဖို့ဆိုရာမှာ ဥပဒေတွေအပြင် ကျွန်မတို့ရဲ့ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ အမူအကျင့်၊ စရိုက်၊ စိတ်နေစိတ်ထားနဲ့ ဆင်ခြင်တုံတရားတွေကလည်း အရေးပါပါတယ်။ ဆိုးသွမ်းနေတဲ့သူတစ်ယောက်ကို ထိန်းကျောင်းရာမှာဖြစ်ဖြစ်၊ ပြုပြင်ရာမှာဖြစ်ဖြစ် ဥပဒေတွေက အရေးပါသလို အဲဒီ လူ့အသိုက်အဝန်းရဲ့ အမူအကျင့်နဲ့ စိတ်သဘောထားတွေကလည်း အရေးကြီးပါတယ်။

အထူးသဖြင့် ကျွန်မတို့လူငယ်တွေဟာ ခေတ်လွန်ကမ္ဘာကြီးမှာ ရှင်သန်ကြီးပြင်းနေရသူတွေ ဖြစ်ပါတယ်။ ခေတ်လွန်ကမ္ဘာကြီးမှာ ပတ်ဝန်းကျင်ရဲ့ အကျိုးသက်ရောက်မှုတွေက ယခင်ကထက် ပိုများနေပါတယ်။ ပိုမိုရှုပ်ထွေးပြီး ပဋိပက္ခတွေ ကျယ်ပြန့်နေတဲ့အချိန်မှာ တရားဥပဒေရဲ့ အရေးပါမှုက နက်နဲလာနေပါတယ်။ ဒါဟာ ပိုမို အေးချမ်းတည်ငြိမ်တဲ့ လူ့အသိုက်အဝန်းဖြစ်လာဖို့အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။

မရေရာမှုနဲ့ စိန်ခေါ်မှုတွေ ရောပြွမ်းနေတဲ့ ကမ္ဘာကြီးမှာ ကျွန်မတို့ တစ်ဦးချင်းရဲ့ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတွေနဲ့ ကာကွယ်နိုင်၊ ထိန်းကျောင်းနိုင်ဖို့လည်း ကိုယ်စီကြိုးပမ်းဖို့ လိုအပ်လာပါတယ်။ လူတစ်ဦးကို ဥပဒေတွေနဲ့ ပြင်ပက ထိန်းကျောင်းသလို ကိုယ့်ရဲ့ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတွေနဲ့ အတွင်းက ထိန်းကျောင်းမယ်ဆိုရင် ကိုယ့်အကျိုး၊ အများအကျိုး ရရှိစေပြီး တည်ငြိမ်အေးချမ်းတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ပါလိမ့်မယ်။ ။









❂ *ကျောဖုံးမှ*

ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၃၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁ ဦးကို ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၆၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရသည်-

**Mr. Qian Le Ping (တရုတ်နိုင်ငံသား)**

မိုင်းလားမြို့မှာ အလုပ်ကောင်းကောင်းရမယ်။ လစာများများရမယ်ဆိုတဲ့ အလုပ်ခေါ်စာတွေ့လို့ ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်နေ့မှာ တရုတ်နိုင်ငံကတစ်ဆင့် မိုင်းလားမြို့ကို တရားမဝင် လမ်းကြောင်းကနေ ဝင်ရောက်ခဲ့ပါတယ်။ မိုင်းလားမြို့ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး Xiao Mu ရဲ့ Yong Le Gong အွန်လိုင်းဂိမ်းကုမ္ပဏီမှာ ငါးနှစ် အလုပ်လုပ်ခဲ့ပါတယ်။ မိုင်းလားကတစ်ဆင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှာ ရွှေကုက္ကိုလ်ကို ရောက်ရှိပြီး တရုတ်လူမျိုး Xiao Duo Duo ရဲ့ Hong Tu Guo Ji ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် ကွန်ပျူတာနဲ့ ဂိမ်းကြော်ငြာပေးရတဲ့ အလုပ်ကို နေ့တိုင်း နေ့လယ် ၁၂ နာရီကနေ ည ၁၂ နာရီအထိ လုပ်ပေးရပါတယ်။ တစ်လကို ဘတ်ခုနစ်ထောင်နဲ့ သုံးလစာပဲ ရရှိပြီး ကျန်လတွေမှာ လစာမရခဲ့ပါဘူး။

**Mr. Zhuo Li (တရုတ်နိုင်ငံသား)**

ကျွန်တော်လုပ်ရတဲ့အလုပ်က တရုတ်လူမျိုးပိုင်တဲ့ Jin Man Tang ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် လိမ်လည်ပြီး မက်ဆေ့ပို့ရတဲ့အလုပ်ကို တစ်ရက် ၁၆ နာရီခန့် အလုပ်လုပ်ရပြီး အဲဒီမှာ ကိုးလခန့် ကြာခဲ့ပါတယ်။ ပထမလမှာ ဘတ်ငါးထောင်ရပါတယ်။ ကျန်လတွေမှာတော့ လစာမရပါဘူး။ ရွှေကုက္ကိုလ်ကို ဝင်ရောက်ခဲ့တဲ့ လမ်းကြောင်းကတော့ တရုတ်နိုင်ငံကနေ လာအိုနိုင်ငံကို အရင်သွားခဲ့ပါတယ်။ လာအိုနိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ကားနဲ့ ထွက်ခွာခဲ့ပါတယ်။ ဘန်ကောက်မြို့ကတစ်ဆင့် ထိုင်းလူမျိုး ယာဉ်မောင်းတစ်ဦးရဲ့ အကူအညီနဲ့ မဲဆောက်မြို့ကို ဆက်ထွက်ခဲ့ပါတယ်။ မဲဆောက်မြို့ရောက်တော့ ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ မြစ်တစ်ခုကို စက်လှေနဲ့ဖြတ်ပြီး ရွှေကုက္ကိုလ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ တစ်လကို ယွမ်တစ်သောင်းရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးရဲ့ ဆက်သွယ်ပေးမှုကြောင့် အခုလို ထွက်လာခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာတော့ ထိန်းသိမ်းခံခဲ့ရပါတယ်။

**Mr. Xu Yuan Shun (တရုတ်နိုင်ငံသား)**

ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁၂၀၀၀ ရတဲ့အလုပ် လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်ပေးတဲ့အတွက် ၂၀၂၄ ခုနှစ် မေလ ၃ ရက်နေ့မှာ လေယာဉ်နဲ့ တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ဘန်ကောက်မြို့ကို ရောက်တော့ တရုတ်လူမျိုး ယာဉ်မောင်းတစ်ဦးက မဲဆောက်မြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်မြို့ကို မေလ ၄ရက်နေ့မှာ ရောက်ရှိခဲ့ပါတယ်။ မဲဆောက်မြို့ကနေ တစ်ဆင့် ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ ရွှေကုက္ကိုလ်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်ကို မရောက်ခင် စက်လှေနဲ့ မြစ်တစ်မြစ်ကို ဖြတ်ခဲ့ရပါတယ်။ ရွှေကုက္ကိုလ်ကိုရောက်တော့ တရုတ်လူမျိုးပိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီး အွန်လိုင်းကနေ လိမ်လည်ပြီး လူရှာဖွေပေးရတဲ့အလုပ်ကို တစ်နေ့ ၁၆ နာရီ လုပ်ပေးရပါတယ်။ တစ်လကို ဘတ် ၂၀၀၀ ရရှိပါတယ်။ ကိုးလခန့် လုပ်ကိုင်ခဲ့ရပါတယ်။

**Mr. Phimsanduk (ထိုင်းနိုင်ငံသား)**

ကျွန်တော်က (Electronic) အထူးပြုဘာသာရပ်နဲ့ ကျောင်းပြီးပါပြီ။ ကျောင်းပြီးတော့ ဇာတိမြို့ဖြစ်တဲ့ Lam Phun မြို့မှာပဲ အလုပ်လုပ်ခဲ့ပါတယ်။ အလုပ်လုပ်နေရင်း ရွှေကုက္ကိုလ်မှာ လစာကောင်းတဲ့အလုပ် လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေ အဆက်အသွယ်ရခဲ့ပါတယ်။ အွန်လိုင်းကနေ လူရှာပေးရတဲ့ အလုပ်လုပ်ရမယ်။ လစာ တစ်လ ဘတ် ၃၀၀၀၀ ရမယ်လို့ Facebook ပေါ်မှာတွေ့တဲ့ အမျိုးသမီးတစ်ဦးက ဆက်သွယ်ပြောဆိုလာခဲ့တဲ့အတွက် အလုပ်လုပ်ဖို့ ထိုင်းနိုင်ငံ Lam Phun မြို့ကနေ ခရီးသည်တင်ယာဉ်နဲ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ ထွက်လာခဲ့ပါတယ်။ မဲဆောက်မြို့ကို ရောက်တဲ့အခါမှာ ထိုင်းလူမျိုး အမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး သောင်ရင်းမြစ်ကမ်းစပ်ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မြစ်ကို စက်လှေနဲ့ ဖြတ်ကူးပြီး တစ်ဖက်ကမ်းကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး အမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်မှာရှိတဲ့ Hong Chu ကုမ္ပဏီကို ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ အွန်လိုင်းဂိမ်း အလုပ်ကိုလုပ်ကိုင်ဖို့ ကွန်ပျူတာပညာကို သင်ယူနေတုန်း ဖြစ်ပါတယ်။ သင်ယူနေတုန်း ထိန်းသိမ်းခံလိုက်ရတာ ဖြစ်ပါတယ်။

သတင်းစဉ်



Mr. Qian Le Ping (တရုတ်နိုင်ငံသား)



Mr. Zhuo Li (တရုတ်နိုင်ငံသား)



Mr. Xu Yuan Shun (တရုတ်နိုင်ငံသား)



Mr. Phimsanduk (ထိုင်းနိုင်ငံသား)

# ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သား ပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရား လွှမ်းမိုးစေရန်အတွက် ၎င်းတို့နှင့် အယူအဆအမြင်မတူသူများအား “သူလျှို၊ သတင်းပေး၊ ဒလန်” ဟုစွပ်စွဲ၍လည်းကောင်း၊ “ငါနှင့်မတူ ငါ့ရန်သူ”ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင် အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်များ အသုံးပြုကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများအား တရားဥပဒေမဲ့ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ လုပ်ဆောင်နေခြင်းများရှိရာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင် ဦးစည်သူထွန်း နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား အားပေးထောက်ခံခြင်းမရှိကြောင်း အကြောင်းပြကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ ဆိုင်ကယ် ငါးစီးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် မောင်ဖိုးခွား အသက် ၁၄ နှစ်မှာ သေဆုံးခဲ့ပြီး မောင်ကျော်မိုး အသက် ခြောက်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ဒေသခံပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာ ရိုင်းစိုင်းသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့်နေရာပြပုံ




## တောင်ငူမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေး ဒီဂရီကောလိပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြေးခုန်ပစ် (ကျား၊ မ)၊ ဘော်လီဘော (ကျား၊မ)၊ ပိုက်ကျော်ခြင်း (ကျား)၊ စားပွဲတင်တင်းနစ် (ကျား၊မ)၊ လွန်ဆွဲ (ကျား၊ မ)နှင့် ဘောလုံးအားကစား (ကျား၊ မ) ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် တောင်ငူခရိုင် အားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပသည်။



အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တောင်ငူပညာရေးဒီဂရီကောလိပ်မှ အနော်ရထာအသင်းနှင့် ဗန္ဓုလအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အနော်ရထာအသင်း လေးဂိုး၊ ဗန္ဓုလအသင်း တစ်ဂိုးဖြင့် အနော်ရထာအသင်း ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၆ ရက်အထိ တောင်ငူခရိုင် အားကစားကွင်း၌ တောင်ငူပညာရေး ဒီဂရီကောလိပ်မှ ကျောင်းကောင်စီအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး တတိယလုပွဲကို ယမန်နေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘုရင့်နောင်အသင်း သုံးဂိုး၊ အလောင်းဘုရားအသင်း နှစ်ဂိုးဖြင့် ဘုရင့်နောင်အသင်း တတိယဆုရရှိခဲ့ပြီး ကျန်စစ်သားအသင်းမှာ အုပ်စုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## MSME ဈေးရောင်းပွဲတော်၌ စားသုံးဆီများ သက်သာသောနှုန်းထားဖြင့် ရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကိုဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ စည်ကားစွာ ကျင်းပခဲ့သည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်း ၅၉ ခန်းနှင့် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် MSME အရောင်းဆိုင်ခန်း ၁၆၀ ကျော်ဖြင့် ဖွင့်လှစ်ရောင်းချရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့ လာရောက်လည်ပတ်ကြသူများအတွက် စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့် အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချပေးခဲ့သည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

ကားလို့စ် အယ်ကာရက်ဇ် အထူးခြေစွမ်း ပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်နှင့် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

၎င်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဖလာမင်ဂိုအသင်းနှင့် အငှားဖြင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများနှင့် အတူ ပြိုင်ဘက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဲဗာတန်အသင်းက သာလွန်သည့် ခြေစွမ်းကို ထုတ်ပြနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးကို မာတီတာက သွင်းယူပေးပြီး ပြိုင်ဘက် အဲဗာတန်အသင်းအတွက် သွင်းဂိုးများကို ဘီတိုနှင့် အယ်ကာရက်ဇ်တို့က သွင်းယူပေးခဲ့သည်။ အဲဗာတန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ်တွင် နိုင်ပွဲ ၇ ပွဲ ရှိလာပြီဖြစ်သည်။ ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ပရီမီယာလိဂ်တွင် ရှုံးပွဲ ၉ ပွဲ ရှိလာပြီဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၅) မှ အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က လက်စတာကို နှစ်ဂိုး-ဂိုးမရှိ၊ ဖူလ်ဟမ်က နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက နယူးကာဆယ်ကို လေးဂိုး-ဂိုးမရှိ၊ ဘုန်းမောက်က ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုး၊ ဘရန့်ဖို့ဒ်က ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး အက်စ်တွန်ဗီလာနှင့် အစ်ဆွစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် MSMEs လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် MSMEs လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့၊ ဗိုလ်ချုပ်လမ်းရှိ ဦးအောင်အောင်၏ "ဒေါ်လာ" မြေပဲဆီသန့်လုပ်ငန်းသို့ ရောက်ရှိပြီး ဆီစက်အား ဆိုလာစနစ်ဖြင့် လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆီထွက်နှုန်းတိုးတက်စေရေးနှင့် ဒေသတွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်-အောင်လံကားလမ်း မိုင်တိုင်အမှတ် (၁၀၃/၇)မှ ပြည်-ပေါက်ခေါင်းသွားကားလမ်း(၃/၇) အထိ ကမ္ဘာ့ရေးဟောင်းအမွေအနှစ် သရေခေတ္တရာ ပျူမြို့ဟောင်းရေးဟောင်းယဉ်ကျေးမှုဇုန် ရှောင်ကွင်းလမ်းဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းဧရိယာ ဝဲ/ယာရှိ စိုက်ပျိုးမြေများ ထိခိုက်မှုမရှိစေရေးနှင့် လမ်းဘေးတစ်လျှောက် စိုက်ပျိုးမြေအတွက် ရေပေးမြောင်းများ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ပေါင်းတလည်မြို့ မြောင်းဆုံကျေးရွာအုပ်စု၌ ကျေးရွာသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် (ရေဆင်းစပ်မျိုး-၁) နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်ကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သီးနှံစိုက်စွမ်းအား၊ သီးထပ်စွမ်းအား တိုးတက်စေရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မှော်ဇာကျေးရွာရှိ သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်း နန်းတော်ရာ အရှေ့ဘက်နှင့် အနောက်ဘက် ကျုံးပြန်လည်တူးဖော်နေမှုအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျုံးအတွင်း တူးဖော်တွေ့ရှိရသည့် အုတ်ရိုးများနှင့် အထောက်အထားများအပေါ် မူတည်၍ မည်သည့်အဆောက်အအုံဖြစ်နိုင်မည်ကို သမိုင်းပညာရှင်များ၊ ရှေးဟောင်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ မှတ်တမ်းတင်ထားရှိရန်၊ ရှေးယခင်အတိုင်း သဘာဝအတိုင်း ရေစီးဝင်နိုင်ရေး ရေဝင်လမ်းကြောင်းများ ဖော်ထုတ်ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ကြက်တူရွေးတောင်ပေါ်၌ ရှုခင်းကြည့် မျှော်စင်တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်သွားရန်နှင့် တောင်တက်လမ်းကောင်းမွန်မှုရှိစေရေး တာဝန်ရှိသူများကို မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ကမ်းနားလမ်းရှိ "ကြီးကြီးဝင်း" အမှတ်တံဆိပ်ဖြင့် မုန့်ဟင်းခါးအနှစ်နှင့် SRK အမှတ်တံဆိပ်ဖြင့် အသင့်စားငါးပိထောင်း ထုတ်လုပ်ရောင်းချနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြည်တွင်းဖြန့်ဖြူးမှုသာမက ပြည်ပပို့ကုန်အထိ တင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ်များကို သေသပ်ကောင်းမွန်လှပစေရေးနှင့် ထုတ်လုပ်သည့် စားသုံးကုန်များ နည်းပညာ၊ FDA ထောက်ခံချက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ကမ်းနားလမ်းနှင့် ဧရာဝတီမြစ်သောင်ပြင်၌ အများပြည်သူအပန်းဖြေလမ်းလျှောက်နေမှုနှင့် ညဈေး၌ စားသောက်နေမှုများကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ ရအောင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်း



တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု ရွှေခဲအင်းကျေးရွာအတွင်းရှိ ရအောင်းချောင်းကမ်းပြို ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ရိုးပြတ်များ မီးမရှို့စေရေး သဘာဝမြေဆွေးပြုလုပ်ထားမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် စိုက်ပျိုးမြေအဖြစ် အသုံးပြု၍မရသည့် မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းများပြီးစီးရေး မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့စေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ရွှေခဲအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးရွာသန့်ရှင်း သာယာလှပရေးလုပ်ငန်းများ၊ သစ်ပင်သစ်တောများ ပြုန်းတီးမှုမရှိစေရေးနှင့် ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံများ ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများ၊ သဘာဝမြေဩဇာများ တွင်ကျယ်စွာအသုံးပြုရေး၊ သီးထပ်စွမ်းအားများ တိုးတက်ရေးတို့ကို တောင်သူများ လိုက်နာဆောင်ရွက်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာအသင်းယှဉ်ပြိုင်မည့် နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် နီပေါလေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရိုနှင့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းတို့ တက်ရောက်ခဲ့သည်။

မြန်မာအသင်း နည်းပြချုပ် ယုကီက "ပထမဆုံးအနေနဲ့ ကျွန်တော်တို့ကို ဒီပြိုင်ပွဲဖိတ်ခေါ်ပေးတဲ့ အိမ်ရှင်နီပေါ၊ ဝင်ရောက်ယှဉ်ပြိုင်ပေးတဲ့ လက်ဘနွန်နဲ့ ကာဂျစ္စတန်အသင်းတို့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ပြိုင်ဘက်အသင်းတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုတာကတော့ အသင်းတိုင်းက အကောင်းဆုံး ပြင်ဆင်လာတာဖြစ်လို့ ကျွန်တော်တို့ အသင်းအနေနဲ့လည်း တစ်ပွဲချင်းစီ သေချာအာရုံစိုက်ပြင်ဆင်ကာ အသင်းတိုင်းကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်ကစားသွားပါမယ်" ဟု ပြောကြားခဲ့သည်။ တိုက်စစ်မှူး



ဝင်းသိင်္ဂီထွန်းက "နီပေါမှာ နောက်ထပ်တစ်ကြိမ် လာကစားခွင့်ရလို့ ကျေနပ်မိပါတယ်။ ကျွန်တော်တို့အသင်းက ၂၀၂၄ မှာ ပြည်တွင်းမှာကစားခဲ့တဲ့ ခြေစမ်းပွဲတွေပဲရှိခဲ့ပြီး ပြည်ပထွက်ကစားတဲ့ နိုင်ငံတကာပွဲတွေမရှိခဲ့ပါဘူး။ ဒါကြောင့် ဒီပွဲဟာ အသင်းအတွက် အထောက်အကူ ဖြစ်စေမှာပါ။ ကျွန်တော်တို့အနေနဲ့ အသင်းတိုင်းကို အကောင်းဆုံးကြိုးစားကစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

**လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်**

နီပေါလေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် လက်ဘနွန်၊ နီပေါနှင့်ကာဂျစ္စတန် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မြန်မာနှင့်လက်ဘနွန်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိမ်ရှင်နီပေါနှင့် ကာဂျစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများကို ဖေဖော်ဝါရီ ၁၇၊ ၂၀၊ ၂၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm




# နယူးဒေလီမြို့ရှိ ဘူတာရုံ၌ လူအုပ်ပိမှုကြောင့် ၁၅ ဦးခန့် သေဆုံး

## ဇန်နဝါရီ ၂၉ ရက်ကလည်း ပွဲတော်အတွင်း လူအုပ်ပိမှုကြောင့် ၃၀ ခန့် သေဆုံးခဲ့

**နယူးဒေလီ ဖေဖော်ဝါရီ ၁၆**

နယူးဒေလီမြို့ ဘူတာရုံ၌ လူအုပ်ပိမှုကြောင့် ၁၅ ဦးခန့် သေဆုံးခဲ့သည်ဟု အိန္ဒိယပြည်တွင်းမီဒီယာ တစ်ခုတွင် ဖော်ပြထားသည်။

ဟိန္ဒူအဓိကပွဲတော်ပြုလုပ်နေသည့် နိုင်ငံမြောက်ပိုင်းရှိ မြို့သို့သွားရန်အတွက် ခရီးသည်များ နယူးဒေလီမြို့ ဘူတာရုံရှိ မီးရထားပလက်ဖောင်း၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက လူအုပ်ပိမှုဖြစ်ပွားခဲ့ပြီး ကလေးသုံးဦးအပါအဝင် ၁၅ ဦးခန့် သေဆုံးခဲ့သည်။

အဓိက ဟိန္ဒူဘာသာရေးပွဲတော် ကျင်းပနေသည့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ပရာဂျက်ခရိုင်သို့ သွားရောက်မည့်လူအုပ်ကြီးဖြင့် မီးရထားပလက်ဖောင်း၌ လူများပြည့်နေသည်။

ခြောက်ပတ်ကြာကျင်းပသည့် ဟိန္ဒူပွဲတော်သည် ဇန်နဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီက အဆိုပါမတော်တဆမှုနှင့်ပတ်သက်၍ သေဆုံးသွားသူများအတွက် မိသားစုဝင်များနည်းတူ စိတ်မကောင်းဖြစ်ရကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ပြန်လည်ကျန်းမာလာရေးဆုတောင်းပေးကြောင်း လူမှုကွန်ရက်မီဒီယာတွင် ရေးသားခဲ့သည်။

ဇန်နဝါရီ ၂၉ ရက်ကလည်း ပွဲတော်အတွင်း လူအုပ်ပိမှုဖြစ်ပွားခဲ့ပြီး ၃၀ ခန့် သေဆုံးခဲ့ရကြောင်း၊ ပွဲတော်ကျင်းပရာနေရာများတွင် လုံခြုံရေးအစီအမံများ ပိုမိုတင်းကျပ်ရန် တောင်းဆိုမှုများရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးက အမေရိကန်၏ အကြီးစားဗုံးများပေးပို့မှုကို လက်ခံရရှိ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၆**

အမေရိကန် ပြည်ထောင်စုက ၎င်းတို့၏ လက်နက်တင်ပို့မှုအပေါ် ယာယီတားမြစ်ချက်တစ်ခုကို မကြာသေးမီက ရုပ်သိမ်းပြီးနောက် အစ္စရေးနိုင်ငံအနေဖြင့် အကြီးစား အမ်ကေ-၈၄ ဗုံးများ ပို့ဆောင်မှုကို လက်ခံရရှိခဲ့ကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

အမ်ကေ-၈၄ သည် ပစ်မှတ်များကို ထိုးဖောက်ဝင်ရောက်နိုင်ကာ ၉၀၇ ကီလိုဂရမ် အလေးချိန်ရှိသည့် လမ်းညွှန်မဲ့ဗုံးဖြစ်ပြီး ၎င်း၏ ပေါက်ကွဲမှုစွမ်းအားမှာ ကြီးမားကျယ်ပြန့်သည့် ပျက်စီးမှုကို ဖြစ်ပေါ်စေကြောင်း သိရသည်။

အဆိုပါစစ်လက်နက်ပစ္စည်းများမှာ ဖေဖော်ဝါရီ ၁၅ ရက် နှောင်းပိုင်းက အစ္စရေး Ashdod မြို့ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ညတွင်းချင်း ကုန်ချခဲ့ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဝန်ကြီးဌာနက ထုတ်ပြန်သည့် ဗီဒီယိုတွင် သင်္ဘောတင်ကုန်သေတ္တာများကို ဒါဇင်နှင့်ချီသည့် ကုန်တင်ကားများပေါ်သို့ တင်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါပစ္စည်းများကို အစ္စရေးလေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်ခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် ဂါဇာ၌ ပဋိပက္ခစတင်သည့်အချိန်မှစကာ လေယာဉ်မှတစ်ဆင့် သယ်ပို့ပေးမှု ၆၇၈ ခုနှင့် ပင်လယ်ရေကြောင်းတင်ပို့မှု ၁၂၉ ခုဖြင့် အစ္စရေးနိုင်ငံအတွင်းသို့ စစ်လက်နက်ပစ္စည်းတန်ချိန် ၇၆၀၀၀ ကျော် ရောက်ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကေးရှိနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယို။

# အမေရိကန်အခွန်စည်းကြပ်မှုမှ ဂျပန်ကို ချန်လှပ်ရေး ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တောင်းဆို

**တိုကျို ဖေဖော်ဝါရီ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အကောက်ခွန်စည်းကြပ်မည့်အစီအစဉ်မှ ဂျပန်ကိုချန်လှပ်ထားရေးနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကေးရှိက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကို တောင်းဆိုလိုက်သည်။

အဆိုပါ ထိပ်တန်းသံတမန်နှစ်ဦးသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဖေဖော်ဝါရီ ၁၅ ရက်က အတိုချုံး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ နိုင်ငံခြားစတီးနှင့် အလူမီနီယံအပေါ် အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမှုမှ ဂျပန်နိုင်ငံကို ကင်းလွတ်ခွင့်ပေးရေးနှင့်ပတ်သက်ပြီး အီဝါယာက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသို့ တင်ပို့သော ဂျပန်မော်တော်ကားများအပေါ် အခွန်စည်းကြပ်မှုကိစ္စရပ်ကိုလည်း ၎င်းက ပြောကြားခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုပိုမိုနက်ရှိုင်းလာစေရန် အနီးကပ်ဆက်သွယ်ဆောင်ရွက်သွားရေးနှင့်ပတ်သက်ပြီးလည်း အီဝါယာဝါနှင့် ရူဘီယိုတို့က ထပ်လောင်းအတည်ပြုခဲ့သည်။

ထို့အပြင် ယခုလအစောပိုင်းတွင် ပြုလုပ်ခဲ့သော ဂျပန် - အမေရိကန် ထိပ်သီးအစည်းအဝေးအပေါ် အခြေခံပြီး တူး-ပလပ်စ်-တူးဟုခေါ်သည့် နှစ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးအကြီးအကဲများ အစည်းအဝေးကို အမြန်ဆုံးကျင်းပလိုကြောင်း အီဝါယာက ရူဘီယိုကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်အကြီးစားဗုံးများ အစ္စရေးနိုင်ငံ Ashdod ဆိပ်ကမ်းသို့ ရောက်ရှိစဉ်။

# မော်လ်ဒိုက်နိုင်ငံက ၂၀၂၅ ခုနှစ်မကုန်မီ သစ်ပင်နှစ်သန်းစိုက်ပျိုးသွားရန်ရည်ရွယ်

**ကိုလံဘို ဖေဖော်ဝါရီ ၁၆**

မော်လ်ဒိုက်အစိုးရသည် သစ်ပင်ငါးသန်းစိုက်ပျိုးရေးအစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၅ ခုနှစ်မကုန်မီတွင် သစ်ပင်နှစ်သန်းစိုက်ပျိုးသွားရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းဝန်ကြီး သောရစ်အီဗရာဟင်၏ ပြောကြားချက်ကို ပီအက်စ်အမ်သတင်းဌာနက ကိုးကားဖော်ပြထားသည်။

သမ္မတမိုဟာမက်မွိုင်ဇူစတင်ခဲ့သော သစ်ပင်စိုက်ပျိုးရေးအစီအစဉ်မှာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို မြှင့်တင်ရန်နှင့် မျိုးတုံးလုနီးဒေသသစ်ပင်မျိုးစိတ်များကို ကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောသည်။

အဆိုပါ အစီအစဉ်က ငါးနှစ်တာကာလအတွင်း အသီးအနှံနှင့် ဟင်းသီးဟင်းရွက်ပင် အမျိုးပေါင်း ၉၀ ကို စိုက်ပျိုးသွားရန် ရည်ရွယ်ထားကြောင်း၊ ယင်းက နိုင်ငံ၏ဂေဟစနစ်နှင့် စားရေရိက္ခာဖူလုံမှုကို သိသိသာသာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မာလီနိုင်ငံအနောက်ပိုင်း၌ ရွှေတွင်းပြိုကျမှုကြောင့် ၄၈ ဦးခန့် သေဆုံး

**ဘာမာကို ဖေဖော်ဝါရီ ၁၆**

မာလီနိုင်ငံအနောက်ပိုင်းရှိ တရားမဝင် ရွှေတူးဖော်ရေးနေရာတစ်ခု ဖေဖော်ဝါရီ ၁၅ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ၄၈ ဦးခန့် သေဆုံးခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်မှာ ကန်နယာခရိုင် ဘလာကိုတိုကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်စု ရွှေရှာဖွေမှုပြုလုပ်ရာ သတ္တုတွင်းအတွင်းသို့ စက်ယန္တရားတစ်ခု ပြုတ်ကျသွားခဲ့သည်ဟု ဒေသခံတစ်ဦးက ဆင်ဟွာသို့ ပြောသည်။ အမျိုးသမီး ၄၈ ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့သည်။

ဒဏ်ရာပြင်းထန်သ ၁၀ ဦးကို ဒေသခံဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အချို့သော သတင်းအရင်းအမြစ်များတွင်မူ သေဆုံးသူမှာ ၅၀ ခန့်ရှိသည်ဟု ဖော်ပြကြသည်။

သေဆုံးသူ အတိအကျကို အတည်ပြုရန်ခက်ခဲပြီး ဒဏ်ရာရရှိသူများပြားသဖြင့် သေဆုံးသူဦးရေ ထပ်တိုးလာနိုင်ဖွယ်ရှိသည်ဟု အဆိုပါအရာရှိက ဆင်ဟွာသို့ ပြောသည်။

ကယ်ဆယ်ရေး လုပ်ငန်းများမှာ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဇန်နဝါရီ ၂၉ ရက်ကလည်း ရွှေတူးဖော်ရေးသတ္တုမိုင်းတစ်ခုပြိုကျခဲ့ရာ ၁၀ ဦးခန့် သေဆုံးခဲ့သည်။

**ဆင်ဟွာ**

## မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေး




**မိတ္ထီလာ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ဦးရွှေဇင်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ ရက်က ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်၌ နွေနှမ်းစိုက်ပျိုးမည့် စိုက်ပျိုးမြေများသို့ ဥယျာဉ်ကျေးရွာအနီး ဥယျာဉ်မြောင်းမှ စိုက်ပျိုးရေ ပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ကိုင်းကျေးရွာ၌ နွေစပါးဧက ၅၀ စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးရာ တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကွက်ငယ်ကျေးရွာ၌ နွေစပါးဧက ၅၀ စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များ တွေ့ဆုံ၍ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဆွေးနွေးပြောကြားပြီး နွေစပါး စိုက်ပျိုးမည့် တောင်သူများထံသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် သွင်းအားစုမျိုးစပါးများနှင့် ဓာတ်မြေဩဇာများကို တိုင်းဒေသကြီးဝန်ကြီးက ပေးအပ်သည်။

အလားတူ သာစည်မြို့နယ်အတွင်းရှိ ကုက္ကိုကန်ကျေးရွာအောင်ချမ်းသာကျောင်းတိုက်၌ နွေစပါး ဧက ၃၀၀ နှင့် နွေနှမ်း ဧက ၅၀ စိုက်ပျိုးမည့် တောင်သူများနှင့်လည်းကောင်း၊ ရွာမွန်သာကျေးရွာအုပ်စု ဇီးပင်ပေါက်ကျေးရွာ၌ မိုးကြိုဝါ ဧက ၂၅၀ စိုက်ပျိုးမည့်တောင်သူများနှင့်လည်းကောင်း တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ညောင်လေးပင်မြို့၌ ဆောင်းသီးနှံ စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပဲတီစိမ်းစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ဂျို့ပင်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူ ၅၂ ဦး တက်ရောက်ခဲ့ကြပြီး ဂျို့ပင်ကျေးရွာ ကွင်းအမှတ် (၂၈၉) ဦးပိုင်အမှတ်(၈၃/၁) ရှိ တောင်သူ ဦးဇော်ခင်၏ လယ်ယာမြေ စိုက်ပျိုးထားရှိသော ပဲတီစိမ်းဩဇီ ၁၁ ဧကစိုက်ကွက်ကို ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၂၈ ဒသမ ၇၅ တင်း ထွက်ရှိခဲ့သည်။ ညောင်လေးပင်ခရိုင်အတွင်း ပဲတီစိမ်းစိုက်ဧက ၃၃၃၅၃၁ ဧက၊ မတ်ပဲစိုက်ဧက ၁၁၉၅၆၆ ဧကနှင့် အခြားပဲစိုက်ဧက ၇၄၈၉၂ ဧကတို့ စိုက်ပျိုးထားကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဆောင်းရာသီ ပဲမျိုးစုံ စိုက်ဧကပေါင်း ၅၂၇၉၈၉ ဧကရှိကြောင်း သိရသည်။

**နီနီဝင်း (ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ် ကျွန်းဦးစံပြကျေးရွာရှိ ကုန်ထုတ်သမဝါယမအသင်းများမှ စားသောက်ကုန်များထုတ်လုပ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျွန်းဦးစံပြကျေးရွာရှိ ကုန်ထုတ်သမဝါယမအသင်း ၁၈ သင်းမှ အသင်းသားဦးရေ ၁၁၈ ဦးတို့အား ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရေးနှင့် ထွက်ကုန်အမယ်အသစ်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် သမဝါယမအသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် ငွေကျပ်သိန်း ၁၄၅၀ ကို ပံ့ပိုးပေးခဲ့သည်။

အဆိုပါ ပံ့ပိုးငွေဖြင့် ကုန်ထုတ်သမဝါယမအသင်းများမှ ပဲလှော်၊ ပဲကြော်၊ စာကလေးချောင်းကြော်၊ မာလာရှမ်းကော စသည်တို့ထုတ်လုပ်ပြီး ပဲလှော်၊ ပဲကြော်ကို တစ်ရက်လျှင် ပိဿာ ၃၀ ဝင် ခြောက်အိတ်ထုတ်လုပ်နိုင်ကာ စာကလေးချောင်းကြော်၊ ပြောင်းဖူးလှော်၊ ကြက်သွန်ပေါင်း၊ မာလာရှမ်းကော စသည့်စားသောက်ကုန်များကို တစ်ရက်လျှင် အထုပ်ပေါင်း ၄၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကော့သောင်းမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**ကော့သောင်း ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသည်။

အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ သန္တေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၀၊ ကြက်ခြေနီ ၁၀ ဦး၊ မြန်မာမှုဆလင်နာရေးကူညီမှုအသင်းနှင့် အစ္စလာမ် လူငယ်ပရဟိတ ငါးဦး၊ ရွှေအဏ္ဏဝါပရဟိတလူငယ်အဖွဲ့ ငါးဦးတို့ဖြင့် သင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ အဏ္ဏဝါအမှိုက်စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၆**

အဏ္ဏဝါအမှိုက် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကို အသုံးပြု၍ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေ၌ အဏ္ဏဝါအမှိုက်စစ်တမ်းကောက်ယူခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က ဆောင်ရွက်သည်။

စစ်တမ်းကောက်ယူရေး ကြီးကြပ်မှုအဖွဲ့ဝင်များဖြစ်သော ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ဒေသခံအသင်းအဖွဲ့များက ကမ်းခြေတစ်လျှောက် အလျားမီတာ ၉၀ စီရှိသော ကောက်ယူကွက် ၂ ကွက် သတ်မှတ်ပြီး ဇုန် လေးဇုန် ပိုင်းခြားခြင်း၊ ဇုန် တစ်ဇုန်ချင်းအလိုက် အဏ္ဏဝါအမှိုက် စစ်တမ်းကောက်ယူရရှိသည့် စွန့်ပစ်အမှိုက်များကို အမျိုးအစားခွဲခြား မှတ်တမ်းတင်ခြင်းများ၊ အမှိုက်အမျိုးအစား၊ ပမာဏ၊ ပါဝင်မှုနှုန်းနှင့် အမှိုက်ထွက်ရှိရာ အရင်းအမြစ်များကို သိရှိစေရန်၊ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အမူအကျင့်များ ပြောင်းလဲစေရေး အသိပညာပေးလုပ်ငန်းများချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် တစ်ခါသုံးပလတ်စတစ်များ၊ ထုတ်လုပ်၊ သုံးစွဲ၊ ရောင်းချမှုများကို ကန့်သတ်ရာတွင် အထောက်အကူဖြစ်စေရန် မျှော်မှန်းချက်များဖြင့် စစ်တမ်းကောက်ယူခြင်း ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဇလွန် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စပါးသီးနှံရိတ်သိမ်းပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ဖက်သောင်ကျေးရွာအုပ်စု အစုကြီးကျေးရွာ တောင်သူဦးရွှေထူး၏ လယ်မြေ လေးဧကတွင် ရေဆင်း (၁၅) ပဲပုပ်စံပြစိုက်ခင်း၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များက ပဲပုပ်သီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးစေပြီး ပဲပုပ်သီးနှံမှ ပဲပုပ်ဆီထုတ်လုပ်ခြင်းနှင့် ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းအားဖြင့် ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် တိရစ္ဆာန်အစာအတွက်ပါ အထောက်အကူဖြစ်စေကာ စပါးသီးနှံအပြီး ပဲပုပ်သီးနှံ စိုက်ပျိုးခြင်းအားဖြင့် သီးနှံစိုက်ပျိုးမှုပုံစံ မှန်ကန်၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေကြောင်းနှင့် အလားအလာကောင်းသော သီးနှံဖြစ်ကြောင်း တောင်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း ကွင်းသရုပ်ပြခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် Xtra Power စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့များ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်အခြေခံပညာ အထက်တန်းကျောင်း အထက(ကော့မှူး)စာစစ်ဌာန၌ မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ကျော်သူရ (ကော့မှူး)

# မှော်ဘီမြို့နယ်၌ ဝါးနက်ချောင်း-သရက်သုံးပင်-ရွှေပြည် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

**မှော်ဘီ ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သော မှော်ဘီမြို့နယ် ဝါးနက်ချောင်း- သရက်သုံးပင်- ရွှေပြည် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ကွန်ကရစ်လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝါးနက်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ Arkhitekton ကုမ္ပဏီမှ တာဝန်ရှိသူ ဦးမိုးသော်ဦးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၅၂၈၀၊ ဒု ခုနစ်လက်မ၊ အကျယ် ၁၂ ပေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၄၂၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၃)ရပ်ကွက်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# တောင်ငူမြို့နယ်၌ Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအား စနစ်ကိုအသုံးပြု၍ နွေစပါးစိုက်ကေများသို့ ရေတင်ခြင်းကွင်းသရုပ်ပြ

**တောင်ငူ ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များသည် Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအား စနစ်ကို အသုံးပြု၍နွေစပါးစိုက်ကေများသို့ ရေတင်ခြင်း ကွင်းသရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ဆင်ဆိပ်ကျေးရွာအုပ်စု မြင်းစာခွက်ကျေးရွာ ခပေါင်းဆည် လက်တံမြောင်း ၁ (က) ကွင်းအမှတ် (၅၆၁) (ခ) ကံပေါက်ကြီးကျေးရွာ အရှေ့ကွင်း မြင်းစာခွက်ကျေးရွာနေ



တောင်သူ ဦးညွန့်၏ လယ်ယာမြေ၌ ပြုလုပ်သည်။

ထိုသို့ ကွင်းသရုပ်ပြသရာသို့ ခရိုင် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) (တောင်ငူ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုအားပေးသည်။

Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအားစနစ်ကို အသုံးပြု၍ စိုက်ပျိုးမြေများသို့ ရေတင်ခြင်းသည် မြင့်သောနေရာမှ နိမ့်သောနေရာသို့ ပြွန်ဖြင့် စီးဆင်းစေသော ကိရိယာ (သို့မဟုတ်) နည်းလမ်းကို အသုံးပြု၍ လေထုဖိအားနှင့် ဆွဲအားကြောင့် အရည်သည် ပြွန်အတွင်းမှတစ်ဆင့် အလိုအလျောက် စီးဆင်းသွားခြင်းဖြစ်ပြီး ရေကို ငွေကြေးအကုန်အကျ သက်သာအကျိုးရှိစွာ ရရှိစေနိုင်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင် ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မော်လမြိုင်မြို့ ရပ်ကွက်များအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ သိုလှောင်ရုံများ၊ ဈေးဆိုင်များကို ကွင်းဆင်းစစ်ဆေးစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



# ဘားအံမြို့၌ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်က ဘားအံမြို့နယ် အိန္ဒုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများမှ သင်တန်းဆရာများက ဘာသာရပ်အလိုက် သင်ခန်းစာများပို့ချပေးခဲ့ရာ သင်တန်းသူ ၂၇ ဦး တက်ရောက်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ဒလမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ တွံတေးခရိုင်အမျိုးသမီးရေးရာကြီးကြပ်ရေးအဖွဲ့နှင့် ဒလမြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ရဲအုပ်သန်းထွန်းနိုင်၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်သက်ပွင့်ကျော်နှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်တို့က လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ခင်စန္ဒာမြင့် (ပြန်/ဆက်)**





ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဟိုတယ်များကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးစိန်နိုင်ဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်း ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဝန်ထမ်းများနှင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် (191) စတစ်ကာများ ကပ်နှိပ်ခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့မဈေး၊ ကမ်းနားလမ်း၊ မီးသတ်လမ်းဆုံ၊ အဝိုင်းပတ်၊ နန္ဒဝန်ဈေး စသည့်နေရာများ၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ကာယပညာနှင့်အားကစားနည်းပြ( မွမ်းမံ) သင်တန်း အမှတ်စဉ် (၂/ ၂၀၂၅ ) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကာယပညာနှင့် အားကစားနည်းပြ(မွမ်းမံ) သင်တန်းအမှတ်စဉ်(၂/ ၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)၌ ကျင်းပသည်။



ဦးစွာ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကာယပညာနှင့် အားကစားနည်းပြ (မွမ်းမံ) သင်တန်းသား သင်တန်းသူများက ကာယပညာသင်ရိုးပါ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အစီအစဉ် အတွဲအမှတ်(၃/၄) နှင့် ကာယပညာသင်ရိုးပါ Fitness Dance လေ့ကျင့်ခန်းတို့ဖြင့် သရုပ်ပြတင်ဆက်သည်။ အဆိုပါ သင်တန်းတွင် အားကစားနည်း ခုနစ်မျိုး သင်ကြားပို့ချခဲ့ကာ သင်တန်းသား သင်တန်းသူ ၃၁၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ PM 2.5 အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြော

**သာယာဝတီ ဖေဖော်ဝါရီ ၁၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ PM 2.5 အကြောင်း သိကောင်းစရာအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမိုးက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဒုတိယဦးစီးမှူး ဦးဟိန်းထိုက်အောင်က PM 2.5 အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**သန့်ဇော် (ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က လမုတန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောများမှ ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရေသယံဇာတထိန်းသိမ်းရန်နှင့် ရေဝေရေလဲ ဒေသကြီးများ အကြောင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspots များ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများ မပြုလုပ်ရန်တို့ကို အသိပညာပေးဟောပြောပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးနိုင်ဦး က မီးလောင်မှုများ မဖြစ်ပွားစေရေးတို့ကို အသိပညာပေး ဟောပြောကာ မြို့နယ်သစ်တော ဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကျောက်ဆည်မြို့နယ်၌ ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားသည့် အဝီစိရေတွင်း နှစ်တွင်းအား ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၆**
မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၄ ရက်က ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာ၌ ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေပေး အဝီစိတွင်း နှစ်တွင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆိုလာစနစ်သုံး အဝီစိရေတွင်းများသည် ဒွေးလှကျေးရွာ လယ်ယာမြေနှင့် အထွေထွေသမဝါယမအသင်းသား တောင်သူ ဦးနေဝင်းနှင့် ဦးယဉ်မင်းထွန်းတို့၏ စိုက်ပျိုးမြေများ၌ တူးဖော်ထားသည့် အနက် ပေ ၃၀၀၊ အကျယ်လေးလက်မ အဝီစိတွင်းများဖြစ်ကြောင်း၊ ရေတွင်းများတွင် ၄၃ ဗို့ထွက်ရှိသည့် အလျား ရှစ်ပေ၊ အနံ လေးပေ ဆိုလာ ၁၂ ချပ်စီ တပ်ဆင်အသုံးပြုထားကြောင်း၊ တောင်သူဦးနေဝင်း၏ အမှတ်(၁) အဝီစိ ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၃၂၀၀ ထွက်ရှိပြီး တောင်သူရှစ်ဦး၏ စိုက်ပျိုးမြေ ၂၄ ဧကကို စိုက်ပျိုးရေများပေးဝေသွားမည်ဖြစ်ရာ တောင်သူဦးယဉ်မင်းထွန်း၏ အမှတ်(၂)အဝီစိရေတွင်းသည် တစ်နာရီ ရေဂါလန် ၃၀၀၀ ထွက်ရှိပြီး တောင်သူ ကိုးဦး၏ စိုက်ပျိုးမြေ ၃၃ ဧကကို စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## ပန်ဆန်းမြို့နယ်၌ အသက် တစ်နှစ်မှ ငါးနှစ်ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၆**
အသက် တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား Big Cath-Up နည်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆန်းမြို့၌ ပြုလုပ်သည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းစိုးဟိန်းနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆေးထိုးအဖွဲ့များခွဲကာ အသက် တစ်နှစ်မှ ငါးနှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသော ကလေးငယ်များနှင့် ကာကွယ်ဆေး ထိုးနှံခြင်းမရှိသေးသော ကလေးငယ်များအား မြို့နယ်ဆေးထိုးစုရပ်များဖြစ်သည့် ပန်ဆန်း၊ ရောင်တိန်း၊ တိန်းအော၊ ပန်မောက်၊ နမ့်ကာဝိုင်း၊ နားကောင်၊ ပန်ယန်း မိုင်းမောမြို့နယ်၌ ကုန်းမင်စန်း၊ ပန်တွန်း၊ ပန်ဝိုင်မြို့နယ်၌ နားဝီး၊ ခွီးမား၊ ပန်ဝိုင်၊ လုံထန်ကျေးရွာများ၌ ငါးမျိုးစပ်ကာကွယ်ဆေး ပိုလီယိုရောဂါကာကွယ်ဆေး၊ ထိုးဆေး/သောက်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။



**စိုင်းထွန်း(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ခရမ်း ဖေဖော်ဝါရီ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံကန်ကျေးရွာနှင့် ကျုံမရေကျေးရွာများ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျုံကန်ကျေးရွာ၌ အရှည် တစ်မိုင် ၄ ဒသမ ၂၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက် ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ တံတားတစ်စင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျုံမရေကျေးရွာ၌ အရှည် ၇ ဒသမ ၈၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက် ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျေးရွာ နှစ်ရွာ၌ ကျေးလက် ဂဝံကုန်ထုတ်လမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများကို အသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဝမ်းတွင်းမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူများနှင့် ဆွေးနွေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးရွှေဇင်နှင့် အဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်က သခွတ်မြင့်ကျေးရွာနှင့် ရာသချ်ာကျေးရွာရှိ နွေသီးနှံစိုက်ပျိုးမည့်တောင်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ဦးရွှေဇင်က နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆွေးနွေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်သော ဌာနဆိုင်ရာများနှင့် မိတ္ထီလာခရိုင် စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က စိုက်ပျိုးမည့် နှမ်း၊ ဝါ၊ နွေစပါးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝမ်းတွင်းမြို့နယ်အနေဖြင့် နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သခွတ်မြင့်ကျေးရွာတွင် နွေနှမ်း ၁၀၇၉ ဧက၊ နွေဝါဧက ၁၇၀၊ နွေစပါးဧက ၁၅၅၀ စုစုပေါင်း ၂၇၉၉ ဧကနှင့် ကျားသေကန်ကျေးရွာတွင် နွေနှမ်း ၅၂၅ ဧက၊ နွေစပါး၁၇၈၉ ဧက စုစုပေါင်း ၂၃၁၄ ဧကကို ဒေသခံတောင်သူ ၂၇၀ က စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သာစည်မြို့နယ်၌ X-Ray စက် ထပ်မံချထားမည့်နေရာနှင့် အတက်လမ်းအသစ် ထပ်မံတိုးချဲ့ဖောက်လုပ်မည့်နေရာတို့အား ကြည့်ရှု

**သာစည် ဖေဖော်ဝါရီ ၁၆**

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ လမ်းပမ်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးတို့သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး တေဇာမြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်း ကျွဲတပ်ဆုံကျေးရွာ X-Ray စစ်ဆေးရေးဂိတ်၌ X-Ray စက် ထပ်မံချထားမည့်နေရာ၊ အတက်လမ်းအသစ် ထပ်မံတိုးချဲ့ဖောက်လုပ်မည့် နေရာနှင့် ဝန်ထမ်းအိမ်ရာ ထပ်မံတိုးချဲ့မည့်နေရာတို့အား ဖေဖော်ဝါရီ ၁၅ ရက်က သွားရောက်ကြည့်ရှုသည်။



ထိုသို့ သွားရောက်ကြည့်ရှုရာ မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် သန့်လွင်မောင်က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# Polytechnic တက္ကသိုလ်(ပင်လုံ)၌ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**လွိုင်လင် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန Polytechnic တက္ကသိုလ် (ပင်လုံ) တွင် (၁၇)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဘွဲ့အပ်နှင်းရန် စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့တို့က အစည်းအဝေးခန်းမတွင် အမေးအဖြေ ပြုလုပ်ပြီးနောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပရန် ဒုတိယပါမောက္ခချုပ် အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဝင်ရောက်နေရာယူကြသည်။ **(ယာပုံ)**



ထို့နောက် ဘွဲ့ယူမောင်မယ်များအား ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြင့်က အင်ဂျင်နီယာဘွဲ့(မြို့ပြအင်ဂျင်နီယာ)၊ အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်အင်ဂျင်နီယာ)၊ အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ)နှင့် အင်ဂျင်နီယာဘွဲ့(စက်မှုအင်ဂျင်နီယာ) စသည့်ဘွဲ့အသီးသီးကို အပ်နှင်းလိုက်သည်။ ဆက်လက်၍ ဒုတိယပါမောက္ခချုပ်က ဘွဲ့ယူမောင်မယ်များ၏ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုပေးပြီးနောက် အဝေးရောက်ဘွဲ့ယူသူများ၏ လက်မှတ်ရေးထိုးပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားသည်။

ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် မြို့ပြအင်ဂျင်နီယာဘွဲ့၊ အီလက်ထရောနစ် အင်ဂျင်နီယာဘွဲ့၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့နှင့် စက်မှုအင်ဂျင်နီယာဘွဲ့ တက်ရောက်ယူသူ စုစုပေါင်း ၈၂ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၁၃ ဦးရှိကြောင်း သိရသည်။ **လွိုင်လင်မိုး**

**မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် ဆော်သြခြင်းများ ဆောင်ရွက်စဉ်။** မောင်ကျော်ကြီး





**မြောင်းမြမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြောင်းမြ-လပွတ္တာကားလမ်းဘေးရှိ UK Familyစက်သုံးဆီဆိုင်၌ ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးဆောင်၍ ဦးစီးအရာရှိ ဦးဇော်မင်းက သရုပ်ပြစဉ်။**

ဇေယျာ(မြောင်းမြ)

# ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ လူငယ် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဂျပန်ပညာရေးပြပွဲ(ရန်ကုန်) ၂၀၂၅ ကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းအမှတ် ၅၂၇ ရှိ M-Tower ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ လူငယ်များနှင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ MAJA Education Center တို့ ပူးပေါင်းပါဝင်မှုဖြင့် GSS Japanese Language Center က ကျင်းပခြင်းဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းကောလိပ်များနှင့် ဂျပန်ဘာသာသင်တန်းကျောင်းများမှ တာဝန်ခံဆရာ ဆရာမများက ပြပွဲတွင် ရှင်းလင်းပြောကြားကြသည်။

ဂျပန်/ မြန်မာ စကားပြန်များကိုလည်း စီစဉ်ပေးထားပြီး လွတ်လပ်စွာ တိုက်ရိုက်မေးမြန်းဆွေးနွေးကြသည်။

ထို့ပြင် ပါဝင်ပြသသည့် ဂျပန်စာသင်ကျောင်းများအကြောင်း မိတ်ဆက်ခြင်း၊ ဂျပန်ပညာတော်သင်ဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ အခွင့်အလမ်းများ၊ တက္ကသိုလ်တက်ရောက်နိုင်မည့်အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အချိန်ပိုင်းအလုပ်များနှင့် ပညာတော်သင်ဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးဟောပြောကြသည်။

ပညာတော်သင် ထောက်ပံ့ကြေးရရှိရန် ကျောင်းသားကျောင်းသူများအတွက် MAJA နှင့် OJEIC အဖွဲ့အစည်းမှ နှစ်စဉ်ပေးအပ်လေ့ရှိသော Scholarship Program များ၊ စာပေပြိုင်ပွဲများကိုလည်း ပြပွဲတွင် ရှင်းလင်းပြောကြားသည်။

ပြပွဲတွင် ဂျပန်နိုင်ငံမှ Kyoto University of Advanced Science၊ Chinzei Gakuin University၊ Yu Language Academy တို့ ပါဝင်ပြီး Myanmar Japan Center for Human Resources Development၊ Okayama University Japan Educational Information Center (OJEIC)၊ Myanmar Association of Japan Alumni(MAJA)၊ The Japan Foundation တို့ပါဝင် ပြသကြသည်။

ဂျပန်နိုင်ငံမှ License Academy International Department မှ YUJI KANASHIKI က ဂျပန်နိုင်ငံ၏ ပညာရေးနှင့် ကျောင်းများအကြောင်းကို ကျောင်းသား ကျောင်းသူများ လူငယ်များနှင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာကြသည့်အတွက် ဝမ်းသာရပါကြောင်း ဂျပန်ဘာသာအရည်ချင်းစစ်စာမေးပွဲ (JLPT) ကို နိုင်ငံတကာမှ ဝင်ရောက်ဖြေဆိုရာတွင် မြန်မာနိုင်ငံမှ ဒုတိယလူဦးရေအများဆုံးဖြစ်သည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

GSS Japanese Language Center မှ ကိုလပြည့်က ဂျပန်ပညာရေးပြပွဲကို ကျင်းပလာသည်မှာ ကိုးနှစ်ရှိပြီဖြစ်ပြီး ဩဂုတ်လတွင် ထပ်မံကျင်းပရန် စီစဉ်ထားကြောင်း ပြောကြားသည်။ **မျိုးမင်းသူရ**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် **ကြိုတင်ပြင်ဆင်အောင်ပွဲဝင် နမူနာမေးခွန်းလေ့ကျင့်ခန်းများနှင့် အဖြေစုံကို** ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ **မြန်မာ့အလင်း စာတည်းအဖွဲ့**

## Grade-4

### Section (A) Listening

I. **Listen carefully to the teacher and write True or False.** (2 marks)

| Example – 1. sixteen | (1) True |
|---|---|
| 1. gloves | (1) ............ |
| 2. a cap | (2) ............ |
| 3. a raincoat | (3) ............ |
| 4. a scarf | (4) ............ |
| 5. socks | (5) ............ |

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given in the box.** (2 marks)

| | |
|---|---|
| Do you have any? | Here you are |
| How much is it? | Can I help you? |
| I want two, please? | |

Shopkeeper : ....... (1) .......
Customer : I want a toy robot, please. ....... (2) .......
Shopkeeper : Yes, we do.
Customer : ....... (3) .......
Shopkeeper : It's 4000 kyats.
Customer : ....... (4) .......
Shopkeeper : OK. That will be 8000 kyats.
Customer : ....... (5) .......
Shopkeeper : Thank you.

### Section (C) Writing

III. **Supply the correct form of the verb given in brackets.** (2 marks)

1. I .............. (**go**) to school from Monday to Friday.
2. On Friday afternoon, I .............. (**play**) basketball with my friends.
3. On Saturday, I .............. (**visit**) my grandfather.
4. We .............. (**play**) chess.
5. Then, we .............. (**go**) to a restaurant and have lunch there.
6. On Sunday morning, I .............. (**go**) to the park.
7. I .............. (**go**) for a walk there.
8. In the afternoon, I .............. (**go**) shopping.
9. In the evening, I ......... (**stay**) at home and watch TV.
10. I .............. (**tell**) my plan for the next week.

**Answer Keys**

I. 1. True 2. False 3. True 4. False 5. False
II. 1. Can I help you? 2. Do you have any? 3. How much is it? 4. I want two, please? 5. Here you are
III. 1. will go 2. will play 3. will visit 4. will play 5. will go 6. will go 7. will go 8. will go 9. will stay 10. will tell

## Grade-6

I. **Complete the sentences with the appropriate words. The initial letters are given.** (10 marks)

1. My name is **S**............, and I am a Grade 6 student.
2. There are twenty **t**............ desks with benches in my classroom.
3. The teacher's **d**............ and **c**............ are near the blackboard.
4. On the teacher's desk are a **c**............ and a **d**.............
5. At the end of each lesson, we rush to the teacher and say, "Shall we **c**............ the blackboard, teacher?"
6. There is a **b**............ for story books, journals, and newspapers.
7. A **c**............ hangs above the blackboard to help us know the time.
8. The broom, the **d**............, and the **d**............ are at the back of the classroom.
9. **Z**............ dropped pieces of paper on the floor yesterday.
10. Our teacher always likes to keep the classroom **c**.............

**Answer Keys**

I. 1. Soe Soe 2. three-seater 3. desk, chair 4. chalk-box, duster 5. clean 6. bookshelf 7. clock 8. dustpan, dustbin 9. Zaw Zaw 10. clean

## Grade-5

### Section (A) Listening

I. **Listen carefully to the teacher and match the phrases from column A and column B to make sentences.** (5 marks)

| Column A | Column B |
|---|---|
| (1) A nurse | (a) buy petrol |
| (2) A farmer | (b) cures animals |
| (3) A vet | (c) takes care of patients |
| (4) art museum | (d) do exercises |
| (5) petrol station | (e) grow crops |
| (6) sports centre | (f) see paintings |

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given below.** (10 marks)

| | | | | |
|---|---|---|---|---|
| zoo | animals | Sunday | shady | interesting |
| idea | see | cooler | hot | park |

Bo Bo : Hi, Ni Ni. Are you free this ....... (1) ........
Ni Ni : Yes, I am.
Bo Bo : Le's go to the ....... (2) ........
Ni Ni : The zoo? Why the zoo?
Bo Bo : Because I love ....... (3) ........
Ni Ni : How about the ....... (4) ........? It's nearer than the zoo.
Bo Bo : There isn't much to see in the park. At the zoo. We can see a lot of ....... (5) ........ animals.
Ni Ni : There aren't many trees in the zoo. So, it will be very ....... (6) ........
Bo Bo : But I want to ....... (7) ........ tigers and lions.
Ni Ni : The park has a lot of trees and a lake. It will be ....... (8) ........ And we can have a picnic under the ....... (9) ........ trees.
Bo Bo : Ok. Good ....... (10) ........! Let's go to the park.

### Section (C) Writing

III. **Fill in the blanks with a suitable word form.** (5 marks)

1. At the ............. (**party**), we're going to play games.
2. After that, we're going to eat ............. (**cake**) and ice cream.
3. I'm going to play the ............. (**guitar**) and my sister is going to sing.
4. I'm sure we'll have a ............. (**wonderful**) time.
5. I ............. (**hope**) to see you on Tuesday.

**Answer Keys**

I. 1. (c) 2. (e) 3. (b) 4. (f) 5. (a) 6. (d)
II. 1. Sunday 2. zoo 3. animals 4. park 5. interesting 6. hot 7. see 8. cooler 9. shady 10. idea
III. 1. party 2. cake 3. guitar 4. wonderful 5. hope

## Grade-7

I. **Supply the correct form of words given in brackets.** (10 marks)

1. ........ (**adequate**) amounts of Vitamin E are important for eye health.
2. A ........ (**variety**) of vitamins is necessary for good health.
3. Iron is essential for ........ (**carry**) oxygen in the blood.
4. ........ (**deficient**) levels of vitamins can lead to illness.
5. ........ (**teeth**) and bones become stronger with adequate calcium intake.
6. ........ (**nutritious**) foods provide essential vitamins and minerals.
7. Vitamin E is good for ........ (**vision**).
8. Vitamin K helps with ........ (**clot**) blood.
9. ........ (**healthy**) skin is supported by adequate Vitamin E.
10. ........ (**deficient**) amounts of magnesium may affect blood circulation.

**Answer Keys**

I. 1. Adequate 2. variety 3. carrying 4. Deficient 5. Teeth 6. Nutritious 7. vision 8. clotting 9. Healthy 10. Deficient

## Grade-8

I. **Fill in the blanks with the correct form of the verbs in the brackets.** (10 marks)

1. Wind instruments ......... (**produce**) music only when air is blown into them.
2. The flute and the clarinet ......... (**make**) of wood.
3. We ......... (**use**) a drumstick to strike the bass drum.
4. We ......... (**hit**) the triangle with a metal bar to make a sound.
5. The conductor ......... (**hold**) the major mace during the performance.
6. We ......... (**shake**) the tambourine to produce a sound.
7. Wind instruments ......... (**require**) air to produce music.
8. Percussion instruments ......... (**produce**) sounds when they are struck.
9. We ......... (**hit**) the cymbals together to create a sound.
10. The flute and clarinet ......... (**be**) made of wood, while the trumpet is made of brass.

**Answer Keys**

I. 1. produce 2. are made 3. use 4. hit 5. holds 6. shake 7. require 8. produce 9. hit 10. are

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲမှာ လာလီဂါပွဲစဉ် (၂၄) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘာစီလိုနာနဲ့ ဗယ်လက်ကာနိုအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်း ရယူသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**လာလီဂါပွဲစဉ် (၂၄)**
**၁၈-၂-၂၀၂၅ အင်္ဂါနေ့**
**ဘာစီလိုနာ - ဗယ်လက်ကာနို**
**နံနက် ၂း၃၀**

# ဘာစီလိုနာရဲ့ တိုက်စစ်ကို ဗယ်လက်ကာနိုအသင်း ဟန့်တားဖို့မလွယ်ဘူး

## ဘာစီလိုနာ Vs ဗယ်လက်ကာနို



နိုင်ပွဲဆက်မှတ်တမ်းနဲ့ အမှတ်ပေးဇယားဦးဆောင်ခွင့်ရဖို့ နာမည်ကြီး ဘာစီလိုနာတို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ပြိုင်ဘက်ဗယ်လက်ကာနိုအသင်းကလည်း ရမှတ်ဆုံးရှုံးမှု မဖြစ်စေဖို့နဲ့ နိုင်ပွဲဆက်ရဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဘာစီလိုနာက ဒီရာသီ လာလီဂါမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ ဗယ်လက်ကာနိုက ဘာစီလိုနာအသင်းထက် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း သိသိသာသာ အားနည်းတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းရဲ့ တိုက်စစ်ကို ဗယ်လယ်ကာနိုအသင်းခံစစ်က ပွဲချိန်ပြည့် ထိန်းချုပ်ဟန့်တားဖို့ မလွယ်ဘူး။ ဗယ်လက်ကာနိုရဲ့ ရုန်းအားကြောင့် ဘာစီလိုနာအသင်း အခက်တွေ့နိုင်သော်လည်း နိုင်ပွဲရှာတွေ့ဖွယ်ရှိတယ်။



လီဝမ်ဒေါ့စကီး (၃၆နှစ်)

**ဘာစီလိုနာ (တိုက်စစ်)**

၂၂ ပွဲကစား၊ ၁၉ ဂိုးသွင်း

**ဘာစီလိုနာနဲ့ ဗယ်လက်ကာနိုတို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လက်ကာနို | ၁ - ၂ | ဘာစီလိုနာ | လာလီဂါ |
| ဘာစီလိုနာ | ၃ - ၀ | ဗယ်လက်ကာနို | လာလီဂါ |
| ဗယ်လက်ကာနို | ၁ - ၁ | ဘာစီလိုနာ | လာလီဂါ |

ဂျော့ဒီဖရူတို့စ် (၂၇ နှစ်)

**ဗယ်လက်ကာနို (ကွင်းလယ်)**

၂၃ ပွဲကစား၊ ၄ ဂိုးသွင်း

**ဘာစီလိုနာအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘာစီလိုနာ | ၁ - ၀ | ဒီပို့တီဗို | ၂-၂-၂၀၂၅ |
| ဗလင်စီယာ | ၀ - ၅ | ဘာစီလိုနာ | ၇-၂-၂၀၂၅ |
| ဆီဗီလာ | ၁ - ၄ | ဘာစီလိုနာ | ၁၀-၂-၂၀၂၅ |

**ဗက်လက်ကာနိုအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဗယ်လက်ကာနို | ၂ - ၁ | ဂျီရိုနာ | ၂၆-၁-၂၀၂၅ |
| လီဂါနက်စ် | ၀ - ၁ | ဗယ်လက်ကာနို | ၁-၂-၂၀၂၅ |
| ဗယ်လက်ကာနို | ၁ - ၀ | ဗယ်လာဒိုလစ် | ၈-၂-၂၀၂၅ |

# လေဗာကူဆင်က ဘိုင်ယန်မြူးနစ်ကို တစ်ဖက်သတ်ကစားနိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၂) မှ လက်ရှိချန်ပီယံ လေဗာကူဆင်နှင့် နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လေဗာကူဆင်အသင်းက ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ဂိုးမရှိသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

လေဗာကူဆင်အသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးငါးကြိမ်ရရှိခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တား ကာကွယ်ထားနိုင်သည့်အတွက် ငါးကြိမ်စလုံး လွဲချော်ခဲ့သည်။



■ လေဗာကူဆင်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသော ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်တွင် အသင်းအဓိက တိုက်စစ်ကစားသမား ဟာရီကိန်း ဂိုးပေါက်ပျောက်ဆုံးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းသည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် ပွဲ ၂၀ ကစားပြီး ၂၁ ဂိုး သွင်းယူထားသည်။

ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းသည် လေဗာကူဆင်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု နှစ်ကြိမ်သာရှိခဲ့သည်။ ပြိုင်ဘက် လေဗာကူဆင်က ဂိုးပေါက်ကန်သွင်းမှု ၁၅ ကြိမ်ရှိခဲ့သည်။ ဘိုင်ယန်မြူးနစ် အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း အမှတ်ပေးဇယားကို ရှစ်မှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- ■ အက်သလက်တီကိုမက်ဒရစ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၂၇ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား မာတီတာကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ■ မန်စီးတီးအသင်းက ကီဗင်ဒီဘရိုင်း၏နေရာကို အတ္တလန္တာအသင်းမှ အသက် ၂၃ နှစ်အရွယ် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ချားလီးစ်ဒီကီတဲလ်ရီနှင့် အစားထိုးရန် စီစဉ်နေသည်။
- ■ ချယ်ဆီးအသင်းက ဘာစီလိုနာအသင်းမှ ပြင်သစ်ခံစစ်ကစားသမား ခွန်ဒီကို ပေါင် ၈၃ သန်းဖြင့် ကမ်းလှမ်းသွားရန် ဆန္ဒရှိနေသည်။
- ■ လီဗာပူးအသင်းက စပါးအသင်းမှ အသက် ၂၃ နှစ်အရွယ် နယ်သာလန်ခံစစ်ကစားသမား မစ်ကီဗန်ဒီဗန်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။



## ကာတာအိုးပင်းအမျိုးသမီး ဗိုလ်လုပွဲ အနီဆီမိုဗာက အော့စတာပင်ကို ကို အနိုင်ရဗိုလ်စွဲ

ယခုနှစ် ကျင်းပသည့် ကာတာအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ် အမန်ဒါ အနီဆီမိုဗာက လတ်ဗီယားတင်းနစ်မယ် ဂျယ်လီနာ အော့စတာပင်ကို အနိုင်ရရှိပြီး ၎င်း၏ ကစားသမားဘဝ အကြီးမားဆုံး အောင်မြင်မှုရရှိခဲ့သည်။

၎င်းသည် အဆိုပါ ဗိုလ်လုပွဲတွင် ပြင်သစ်အိုးပင်းချန်ပီယံဟောင်း အော့စတာပင်ကို ကို ၆-၄၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အနီဆီမိုဗာသည် ကာတာအိုးပင်းပြိုင်ပွဲတွင် အဇာရင်ကာ၊ ဘာဒိုဆာ၊ ဖာနန်ဒက်စ်၊ ကော့တိုက်စ်၊ အဲလက်စ်ဇန်ဒရိုဗာ စသည့် နာမည်ကြီး တင်းနစ်မယ်များကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာနိုင်ခဲ့သည်။

အနီဆီမိုဗာသည် ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ဆီးမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

## ပီအက်စ်ဂျီက တူးလော့စ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ၁၀ မှတ်ပြတ် ဦးဆောင်

လီဂူးဝမ်း ပွဲစဉ် (၂၂) မှ တူးလော့စ်နှင့် အမှတ်ပေးဇယားဦးဆောင်သူ ပီအက်စ်ဂျီအသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၂ နာရီ ၃၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ပွဲကစားချိန် ၅၂ မိနစ်တွင် ရရှိခဲ့သော ရူးစ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ရန် ခြေကုန်ထုတ်လာသော တူးလော့စ်အသင်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းတွင် တိုက်စစ်၊ ခံစစ် အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ပီအက်စ်ဂျီအသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး အချို့ကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုအနိုင်ပွဲကြောင့် လီဂူးဝမ်းတွင် ၂၂ ပွဲကစားပြီး ရမှတ် ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ၁၀ မှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် တူးလော့စ်အသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် လီဂူးဝမ်းတွင် ရှုံးပွဲ ကိုးပွဲ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် မိုနာကိုက တစ်ယောက်လျော့ နန့်တက်စ်ကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



■ **မိုးဇက် - စုစည်းသည်**

# မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယအကြိမ် အမှုဆောင်စုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်(အသစ်) ဒုတိယအကြိမ် အမှုဆောင်စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟိုတယ်ရွှေဂုံတိုင် (ရန်ကုန်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး နာယကဦးစိုးတင့်က (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲ၏ လူရွေးပွဲအခြေအနေ တင်ပြသည်။



ထို့နောက် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ရဲလွင်၊ ဦးဝင်းတင့်၊ ဦးထွန်းလင်းသောင်း၊ ဦးမျိုးသက်တို့က ခြင်းလုံးကဏ္ဍ၊ ယှူနက်စကိုတင်ပြရန်ကိစ္စ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှုဆောင်များကိုယ်စား ဦးဇော်ဝင်းကလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ အမှုဆောင်များကိုယ်စား ဦးအောင်ထိုက်သူကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



မြိတ်မြို့၌ ပြည်သူလူထု မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇင်ထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်သူများအား မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က လူစည်ကားရာ လမ်းဆုံများတွင် ဆောင်ရွက်စဉ်။

ခိုင်ထူး(ပြန်/ဆက်)

# ပန်းတောင်းမြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ပန်းတောင်း ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ နေရပ်စွန့်ခွာပြည်သူများအား ယနေ့နံနက်ပိုင်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာဇာဝင်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုတို့က နေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ပြည်သူ ၁၁၁၀ အား စုစုပေါင်း ငွေကျပ်သိန်း ၂၂၂၀၀၀၀၀ ကို ပေးအပ်ရာ နေရပ်စွန့်ခွာပြည်သူများကိုယ်စား ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက လက်ခံခဲ့ပြီး ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**လပြည့်လင်း(ပြန်/ဆက်)**



ဝါးခယ်မမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၆ ရက်တွင် မြို့နယ်မီးသတ်ဦးစီမှူး ဦးတိုးနိုင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဝန်ထမ်းများ စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# သာကေတမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောက်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စိန်ညီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး ဥပဒေအရကိုင်ဆောင်ခွင့်ရှိသော နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုလက်မှတ်တစ်မျိုးမျိုးကိုင်ဆောင်ခွင့်ရရှိနိုင်ရန်အတွက် ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ဆောင်ရွက်ပြီးစီးသည့် စီမံချက်တွင် အကျုံးဝင်သောအသက်(၁၆)နှစ်နှင့် အသက်(၁၈)နှစ်ကြားရှိ ကျောင်းသား ၃၂ ဦး၊ ကျောင်းသူ ၅၁ ဦး စုစုပေါင်း ၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များအား တာဝန်ရှိသူများက ပေးအပ်သည်။ **(အောက်ပုံ)** ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးစောသက်ဇေအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အာကာလင်း**





ဘုတ်ပြင်းမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပူတာအိုခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပူတာအို ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လမ်း၊တံတားတည်ဆောက်ရေး လုပ်ငန်းများအား ဖေဖော်ဝါရီ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။



ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းသန့်အောင်သည် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေ(GRF) ငွေကျပ် ၁၉၈ သန်းဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် မာမဲ့ရှီးဒီကျေးရွာနှင့် အောက်ဆန်ဂေါင် ကျေးရွာချင်းဆက်လမ်းအရှည် ခြောက်ဖာလုံနှင့် အကျယ် ၁၈ ပေ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (GRF) ငွေကျပ် ၉၉ ဒသမ ၁ သန်းဖြင့် ပူတာအိုမြို့နယ် မာမဲ့ရှီးဒီကျေးရွာအဝင် မာမဲ့ချောင်းကူးသစ်သားတံတားအရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားဆောက်လုပ်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးမှု အခြေအနေနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (GRF) ငွေကျပ် ၈၅ သန်းဖြင့် မချမ်းဘောမြို့နယ် ကောင်းမူလုံ - မန်နို - ပန်ဆပ်လမ်းပေါ်ရှိ နမ်ကတောက်ချောင်းကူး ကြိုးတံတားအရှည် ၁၉၅ ပေနှင့် အကျယ်ငါးပေ ဆောက်လုပ်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

**ပူတာအို(ပြန်/ဆက်)**

- **နိုင်ငံ့ ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်၊ မအူပင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၆၆၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၁၉၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၁၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၃၁၇၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Higer Bus တစ်စီးနှင့် KIA Pregio Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၃၁၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၄၁၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Rainbow Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ (၁၆)မိုင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myanmar Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၃၀၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသောအကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၉၀၀ တန်၊ သစ်မာ ၆ ဒသမ ၆၂၅ တန်၊ အခြားသစ် ၀ ဒသမ ၅၉၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၇၉၅၂၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၇ မှု၊ ခန့်မှန်းတန်ဖိုးငွေ ၅၆၆၈၁၉၀၂၃ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဝမ်းတွင်းမြို့နယ်၌ ဓာတ်ဆီထည့်ထားသောပီပါ အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ဓာတ်ဆီထည့်ထားသောပီပါ အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။



ဝမ်းတွင်းမြို့နယ်၌ ဓာတ်ဆီထည့်ထားသောပီပါ အပူရှိန်လွန်ကဲ၍ မီးလောင်မှု။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီတွင် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာနေ ဇော်ဝင်း(၅၅)နှစ်၏နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပင်းတလဲ ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၅၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ ဇော်ဝင်း၏ နေအိမ်အနောက်ဘက်ရှိ ဓာတ်ဆီ ၁၂ ဂါလန်ထည့်ထားသော ပီပါမှ အပူရှိန်လွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ၎င်း၏ ၄ x ၃ ပင် ထန်းရွက်တဲပါနေအိမ်နှစ်လုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဇော်ဝင်းအား ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မုဒုံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိမှု။

## မုဒုံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မုဒုံမြို့နယ် အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ တပ်ဖွဲ့ဝင်များက မုဒုံမြို့ ကန်ကလေးရပ် မော်လမြိုင်-သံဖြူဇရပ်သွားကားလမ်းတွင် ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မုဒုံမြို့ဘက်မှ သံဖြူဇရပ်မြို့ဘက်သို့ သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာနေ စိုးရာဇာ(၃၁)နှစ် မောင်းနှင်လာသည့် MON-6 7H/xxxx HONDA FIT အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စိုးရာဇာအား မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ဥတ္တရသီရိမြို့နယ်၌ ရုံးသုံးစက္ကူဟောင်းများခိုးယူသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ရုံးသုံးစက္ကူဟောင်းများခိုးယူသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် စက်မှုဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းလှသည် ရုံး၌ရှိနေစဉ် ပုဗ္ဗသီရိမြို့နယ် ရွာတော်တောင်ရွာနေ သန်းသန်းနွယ်(၃၆)နှစ်မှ ရိပ်သာအဆောက်အအုံအတွင်းရှိ ရုံးသုံးစက္ကူဟောင်း ၁၀ ပိဿာခန့်ပါ ပီနံအိတ် ခုနစ်အိတ်၊ တစ်ပိဿာလျှင် ငွေကျပ်၇၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၀၀၀ အား ဝင်ရောက်ခိုးယူသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သန်းသန်းနွယ်အား ဘုရားကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မူဆယ်မြို့နယ်၌ ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် ကျွန်းတော်လမ်းဘေးရှိ ကျူးတဲအတွင်း၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတဲအတွင်း၌ တွမ်ပိကော(၄၁)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ မငြိမ်းငြိမ်း(၃၇) နှစ်တို့ နှစ်ဦးအား ငါးပစ်ဂိမ်းစက်နှစ်လုံး၊ မငြိမ်းငြိမ်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဂိမ်းအမှတ်ထည့်ရာတွင် အသုံးပြုသည့်ကတ် တစ်ခု၊ လောင်းကစားဒိုင်ပြုလုပ်ရာမှရရှိသည့် လောင်းကြေးငွေတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တွမ်ပိကောနှင့် ငြိမ်းငြိမ်းတို့ နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိခဲ့သော လွယ်ကူလေ့လာသင်ခန်းစာ၊ မြန်မာ့အလင်းသတင်းစာတွင် အထူးကဏ္ဍအဖြစ် တနင်္လာနေ့တိုင်း ဖော်ပြပါရှိနေသော လွယ်ကူလေ့လာအင်္ဂလိပ်စာတို့ကို အမှတ်စဉ်၊ လစဉ် စုစည်းထုတ်ဝေသည်။

အောင်ချက်မြင့်မားရေးအတွက် ထုတ်ဝေသည့်

English for Students

SUPPLEMENT

ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ ကြီးကြပ်တည်းဖြတ်သော

လွယ်ကူလေ့လာ အင်္ဂလိပ်စာ

အမှတ်စဉ်၊ လစဉ် ပေါင်းချုပ်

Grade-4 မှ Grade-12 အထိ ထွက်ပြီ။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ စာမေးပွဲမေးခွန်းပုံစံ၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

ဖြန့်ချိရေး
ရန်ကုန် – ဒေါ်ဖိဖိလှိုင် (ဖိုးကျော်စာပေ)
ဖုန်း–၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇
ရန်ကုန် – ဒေါ်ခင်မာဝင်း(ပညာဗိမာန်စာအုပ်တိုက်)
ဖုန်း–၀၉ ၄၄၄ ၉၉၈ ၈၇၃၊ ၀၉ ၅၁၃၆၇၄၆
နေပြည်တော် – ဒေါ်အေးအေးသန့်(လမင်းအိမ်စာပေ)
ဖုန်း–၀၉ ၄၂၃၅၄၂၈၀၁၊ ၀၉ ၄၄၁၉၃၆၈၂၂
မန္တလေး – ဒေါ်ဖိဖိလွင် (ရောင်စဉ်စာပေ)
ဖုန်း–၀၉ ၄၄၄ ၁၀ ၅၉၅၉၊ ၀၉ ၇၉၇၇၃၅၅၆၅
သတင်းစာကိုယ်စားလှယ်နှင့် ရောဝတီဖြန့်ချိရေး
ဒေါ်နွဲ့နွဲ့ရီ(မြင့်ဦးစာပေ)
ဖုန်း–၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၃၃၇၆၀၃၀

Ph : 018-387961, 09 400720084, 09 269006353, 09 981163924, 09 789450927

ငြင်းချက်ထုတ်ရန်ဆင့်စာ
တရားမကျင့်ထုံးဥပဒေ အမိန့် –၅၊ နည်းဥပဒေ–၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆

ဒေါ်သင်းသင်းမာ နှင့် ဗိုလ်မှူးခိုင်အုန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူဦးသန်းဝင်းစိုး)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၃လမ်း၊ ၁၂၁–၁၂၂ လမ်းကြားနေ ဗိုလ်မှူးခိုင်အုန်း(ဘ)ဦးအုန်းမောင်(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးသန်းဝင်းစိုး)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

